# ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ


mgyoe.com SAMPLE BOOK

## နှင့် ဝတ္ထုတိုများ

သင့်လူ

# No One Writes to the Colonel

Gabriel Garcia Marquez



mgyoe.com SAMPLE BOOK

# No One Writes to the Colonel

## Gabriel Garcia Marquez



# ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ

နှင့်
ဝတ္ထုတိုများ

## သင့်လူ

ISBN 978-99971-952-9-6
K0388
9 789997 195296 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၁၄ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊
၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်။ ၀၉ ၄၄၈၀၁၆၂၃၂
မျက်နှာဖုံးပန်းချီ - ဇော်မောင်
တန်ဖိုး - ၂၂၀၀ ကျပ်

၈၉၅.၈၃
သင့်လူ / ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါနှင့် ဝတ္ထုတိုများ
ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါနှင့် ဝတ္ထုတိုများ / သင့်လူ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။
စာမျက်နှာ- ၁၄၉၊ ၁၃×၂၀ စင်တီမီတာ။
(၁) ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါနှင့် ဝတ္ထုတိုများ

mgyoe.com

mgyoe.com SAMPLE BOOK

# ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ

## နှင့် ဝတ္ထုတိုများ

## သင့်လူ

## Gabriel Garcia Marquez

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၀၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

**http://kantkawwutyee.myanmaronlinesales.com**
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ | ၇ |
| ၂။ | အင်္ဂါနေ့လယ် တစ်မှေးအိပ်ချိန် | ၉၉ |
| ၃။ | ကမ်းတင်ရေမျော လှူခဲ့ချော | ၁၁၁ |
| ၄။ | တောင်ပံကျိုးနှင့် နတ်ဆိုးဗိုလ် | ၁၂၄ |
| ၅။ | တစ္ဆေသင်္ဘော၏ နောက်ဆုံး ခရီးစဉ် | ၁၃၇ |
| ၆။ | ထိုတစ်နေ့ | ၁၄၅ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဗိုလ်မှူးကြီးထံ စာရေးမည့်သူ မရှိပါ

ဗိုလ်မှူးကြီးသည် ကော်ဖီမှုန့်ဘူးကို ဖွင့်လိုက်သောအခါ အထဲမှာ ကော်ဖီမှုန့် တစ်ဇွန်းစာသာ ကျန်ရှိတော့ကြောင်း တွေ့လိုက်ရသည်။ မီးဖိုပေါ်မှ ရေနွေးအိုးကို သူ လှမ်းယူ၏။ အထဲမှ ရေနွေးတစ်ဝက်ခန့်ကို မြေကြီးပေါ် သွန်ချလိုက်ပြီး ကော်ဖီဘူးထဲမှ ကော်ဖီမှုန့်များကို တစ်မှုန့်တလေပင် မကျန်ရစ် ရလေအောင် ရေနွေးအိုးထဲသို့ စိတ်ရှည်လက်ရှည် ဓားဖြင့် ခြစ်ချပြီး အိုးကို မီးဖိုပေါ် ပြန်တင်လိုက်၏။

ယုံကြည်ချက် အပြည့်အဝ၊ အပြစ်ကင်းသည့် မျှော်လင့်ချက် အနန္တ တို့ဖြင့် ကော်ဖီအိုး ဆူပွက်ချိန်ကို မီးဖိုဘေးမှာ ထိုင်စောင့်နေရင်း မှိုပွင့်တွေနှင့် အဆိပ်ရှိသော ကြာပန်းတွေ အိုင်ထဲမှာ အမြစ်တွယ်နေသလို ခံစားမှုမျိုးကို သူ ခံစားနေခဲ့ရသည်။ ယခု အောက်တိုဘာလသို့ ရောက်ခဲ့ပြီ။

အနေခက်လှသည့် အောက်တိုဘာ နံနက်ခင်း။

ထိုထိုသော နံနက်ခင်းပေါင်း များစွာကို ဖြတ်သန်းရင်သန်ခဲ့ပြီးသည့် သူ့လို ပုဂ္ဂိုလ်တစ်ဦးအနေနှင့်တောင် ရင်ဆိုင် ရပ်တည်ဖို့ ခဲယဉ်းလှသည့် အောက်တိုဘာ နံနက်ခင်း။

နောက်ဆုံး ပြည်တွင်းစစ် ပြီးဆုံးပြီးနောက် နှစ်ပေါင်း ခြောက်ဆယ် နီးပါးအတွင်း ဗိုလ်မှူးကြီးမှာ ထိုင်စောင့်ရသည့် အလုပ်ကလွဲ၍ အခြား

mgyoe.com

mgyoe.com

လုပ်စရာ မရှိခဲ့။ သူထံသို့ ရောက်ရှိလာခဲ့သည့် တိုရေရှားရေ အရာများထဲတွင် အောက်တိုဘာသည်လည်း တစ်ခု အပါအဝင် ဖြစ်ခဲ့သည်ကော။

ကော်ဖီခွက်ကို ကိုင်၍ အိပ်ခန်းထဲ ဝင်လာသည့် ဗိုလ်မှူးကြီးကို တွေ့လိုက်ရချိန်မှာ ဗိုလ်မှူးကြီးကတော်သည် ခြင်ထောင်သိမ်းရက် တန်းလန်းကြီး ဖြစ်နေ၏။ မနေ့ညက ပန်းနာထထားသဖြင့် ဗိုလ်မှူးကြီးကတော်မှာ ဒယီးဒယိုင်နှင့် အိပ်ချင်မူးတူး ဖြစ်နေဆဲ။

သို့သော်လည်း သူက ကော်ဖီခွက်ကို လှမ်းယူလိုက်ရင်း-

"ရှင့်အတွက်ကော" ဟု မေးလိုက်သည်။

"ငါက သောက်ပြီးပါပြီကွာ၊ ကော်ဖီမှုန့်တွေ ဇွန်းကြီး တစ်ဇွန်းစာလောက် ကျန်ပါသေးတယ်"

ဗိုလ်မှူးကြီးက မုသာဝါဒ သုံးလိုက်၏။

ထိုအချိန် ပစ္စက္ခ အခိုက်အတန့်မှာပင် ခေါင်းလောင်းသံများ မြည်ဟည်းလာခဲ့၏။ ဗိုလ်မှူးကြီးသည် အသုဘအခမ်းအနားကို လုံးလုံးလျားလျား မေ့လျော့နေခဲ့သည်။ ဗိုလ်မှူးကြီးကတော် ကော်ဖီ သုံးဆောင်နေချိန်ဝယ် ဗိုလ်မှူးကြီးက သူ၏ ကြိုးခုတင်ကို သိမ်းနေခဲ့သည်။ ဗိုလ်မှူးကြီးကတော်ကတော့ သေသူအကြောင်းကို စဉ်းစားနေခဲ့သည်။

"သူ့ကို ၁၉၂၂ ခုနှစ် ဧပြီလ ၇ ရက်နေ့မှာ မွေးတာနော်၊ ကျွန်မတို့သားထက် တစ်လပဲ ငယ်တာပေါ့"

သူသည် အသက်ကို ပင်ပန်းခက်ခဲစွာ ရှူရင်း ဝင်သက်နှင့် ထွက်သက် တစ်စုံ ပြီးချိန်ဝယ် ကော်ဖီကို တစ်ကျိုက်ပြီးတစ်ကျိုက် ဖြည်းဖြည်းချင်း သောက်နေခဲ့သည်။ သူ့ ကြည့်ရသည်မှာ တောင့်တင်းကွေးကိုင်းနေသော ကျောရိုးပေါ်တွင် အရေပြား အနည်းငယ် ကပ်ထားသည့် ကမ္ဗလာန်းရုပ်တစ်ခုအလားစိတ်ဆင်းရဲဖွယ် ကောင်းလှသည်။ ကော်ဖီ ကုန်သွားသည့်အခါ သူသည် သေသူအကြောင်း ဆက်တွေးနေခဲ့၏။

"အောက်တိုဘာလကြီး အသုဘချရတာ စိတ်ဆင်းရဲစရာ အတော်ကောင်းမှာပဲနော်"

သူက ထိုသို့ ပြောလိုက်သော်လည်း ဗိုလ်မှူးကြီးက သူ့စကားကို မကြားသကဲ့သို့ တုဏှိဘာဝေ လုပ်နေရင်းက ပိတ်ထားသည့် အိပ်ခန်း ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အောက်တိုဘာလသည် သူတို့ အိမ်ခြံဝင်းထဲထိ ချင်းနင်းဝင်ရောက်ခဲ့ပြီကော။

mgyoe.com

mgyoe.com SAMPLE BOOK

သစ်ရွက်တို့ မြစိမ်းရောင်တောက်၍ နွံအိုင်ထဲမှာ တီကျစ်စာလေးတွေ ပွထနေခဲ့ပြီကော။ ဗိုလ်မှူးကြီးသည် ဤကံအကြောင်းမလှသည့် အကြောင်းကို စဉ်းစားရင်း အူထဲ အသည်းထဲမှ ကြက်သီးတွေ ထသွားသလို ခံစားလိုက်ရပြန်သည်။

''ငါ့တစ်ကိုယ်လုံး အရိုးထဲထိ အေးနေသလိုပဲကွာ''

ဗိုလ်မှူးကြီးကတော်က သက်ပြင်းချရင်း-

''ဆောင်းတွင်း ရောက်နေပြီလေ၊ ဆောင်းမိုးတွေ စရွာကတည်းက ကျွန်မ ရှင့်ကို ခြေအိတ် စွပ်အိပ်ပါလို့ ပြောခဲ့သားပဲ'' ဟု ဆိုလိုက်သည်။

''စွပ်ပါတယ်ကွာ၊ တစ်ပတ်လုံးလုံး စွပ်အိပ်တာပဲ''

ဆောင်းမိုးသည် ညင်ညင်သာသာ ရွာသွန်းဖြိုးနေသော်လည်း တိတ်မည့်ပုံကား မပေါ်။ ဒီလိုနှင့် ဗိုလ်မှူးကြီးသည် တစ်ကိုယ်လုံးကို သားမွေးစောင်ကြီးနှင့် ပတ်ခြုံလိုက်ပြီး ကြိုးခုတင်ပေါ် ပြန်တက်ကာ နှပ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့သည်။ သို့သော်လည်း အဆက်မပြတ် ထိုးနေသည့် ခေါင်းလောင်းသံများက အသုဘအခမ်းအနား ရှိကြောင်း သူ့ကို မရပ်မနား နှိုးဆော်နေ၏။

''အင်း- အောက်တိုဘာပဲ''

ဗိုလ်မှူးကြီးက ခပ်တိုးတိုး ညည်းတွားလိုက်ပြီး အိပ်ခန်းအပြင်သို့ ထွက်ရန် စိုင်းပြင်း၏။ ထိုအချိန်ကျမှ ခုတင်တိုင်တွင် ချည်နှောင်ထားသည့် သတ္တဝါတစ်ကောင် ရှိနေမှန်း သူ သတိရတော့သည်။ ထိုသတ္တဝါမှာ တိုက်ကြက်တစ်ကောင် ဖြစ်၏။

ဗိုလ်မှူးကြီးသည် ကော်ဖီခွက်ကို မီးဖိုခန်းထဲ သွားထား၏။ ပြီးတော့ ဧည့်ခန်းထဲ ဝင်လာပြီး ရှေးမ တိုင်ကပ်နာရီကြီးကို သံပတ်ပေးဖို့ စိုင်းပြင်းနေသည်။ နာတာရှည် ပန်းနာ ရင်ကျပ်သမားတစ်ယောက် တပင်တပန်း ရှိုက်ထုတ်ထားသည့် ထွက်သက်များဖြင့် ပြည့်လျှောင် မွန်းကျပ်နေသည့် အိပ်ခန်းကျဉ်းနှင့် စာလျှင် ပလတ်စတာကြောင်ရုပ်တစ်ကောင် တင်ထားသည့် စားပွဲတစ်လုံး၊ လှုပ်ကုလားထိုင် လေးလုံးတို့ဖြင့် ဖွဲ့ထုံးစီရင်အပ်သော ဧည့်ခန်းမှာ သာယောင်သာယာ ရှိလှ၏။ နာရီကြီး၏ မျက်နှာချင်းဆိုင် နံရံမှာတော့ နှင်းဆီပန်းတွေ ပြည့်နေသည့် လေ့တစ်စင်းပေါ်ဝယ် မြားနတ်မောင် နတ်သူငယ်လေးများ ဝန်းရံထားသည့် ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦး၏ ပုံတူဗန်းချီကားတစ်ချပ် ချိတ်ဆွဲထား၏။

mgyoe.com

mgyoe.com

သူ နာရီ သံပတ်ပေးပြီးသောအခါ ၇ နာရီ မိနစ် ၂၀ ရှိခဲ့ပြီ။ ဗိုလ်မှူးကြီးသည် ခုတင်တိုင်မှာ ချည်ထားသော တိုက်ကြက်ကို ကြိုးဖြေ၍ မီးဖိုခန်းထဲ ယူလာကာ တိုင်တစ်တိုင်တွင် ကြိုးချည်ထား၏။ ကြက်အတွက် သောက်ရေလဲပေး၏။ သူ့တိုက်ကြက်ကြီး နံနက်စာ ပွဲတော်တည်ရန်အလို့ငှာ ပြောင်းဖူးဆန် တစ်ဆုပ်ကိုယူ၍ ပန်းကန်တစ်ချပ်ဖြင့် တည်ခင်းပေး၏။

ထိုအချိန်တွင် ဗိုလ်မှူးကြီး၏ အိမ်ဝင်းခြံစည်းရိုး အပေါက်ကြားမှ တိုးဝင်လာသည့် ကလေးတစ်အုပ်သည် မီးဖိုခန်းထဲ ရောက်လာကာ တိုက်ကြက်ကို တိတ်ဆိတ်စွာဖြင့် ဝိုင်းအုံကြည့်ရှုနေကြသည်။

"ဟဲ့… ကလေးတွေ သိပ်မကြည့်ကြနဲ့၊ မင်းတို့ ကြည့်လွန်းအားကြီးရင် အကြည့်စူးပြီး သူ ဒဏ်ရာရသွားလိမ့်မယ်"

ဗိုလ်မှူးကြီးက ကလေးတစ်သိုက်ကို ဤသို့ ဆိုပါသော်လည်း ကလေးများက နေရာမှ မရွေ့ကြ။ ကလေးတစ်ယောက်က ဘာဂျာကို ထုတ်၍ လူကြိုက်များသော သီချင်းတစ်ပုဒ်၏ သံပြိုင်ပိုဒ်ကို တီးမှုတ်ဖို့ စိုင်းပြင်းနေသဖြင့် ဗိုလ်မှူးကြီးက ဟန့်ရပြန်သည်။

"သီချင်းတွေ မဆိုနဲ့ မတီးနဲ့၊ ဒီနေ့ အသုဘ ရှိတယ်လေကွာ"

ထိုကလေးက စိတ်ပျက်စွာဖြင့် ဘာဂျာကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ကာ မကြာမီ သူတို့အားလုံး ပြန်ထွက်သွားခဲ့ကြသည်။

ထိုအခါကျမှပင် ဗိုလ်မှူးကြီးသည် အသုဘရှု ကြွဖို့ရန်အလို့ငှာ အိပ်ခန်းထဲသို့ အဝတ်အစားလဲဖို့ ဝင်ခွင့်ရတော့သည်။

မိန်းမက အလူးအလဲ ပန်းနာထနေသဖြင့် သူ့ဝတ်စုံဖြူမှာ မီးပူမတိုက်ရသေး။ မတတ်နိုင်တော့။ မင်္ဂလာဆောင်စဉ်က ဝတ်ခဲ့သည့် ရှေးဟောင်းပုံစံ ဝတ်စုံနက်ကိုသာ ဝတ်ရတော့မည်။ ဗိုလ်မှူးကြီးသည် ဗီရိုထဲတွင် ဝတ်စုံရှာနေသည်မှာ တမေ့တမော။ နောက်ဆုံးမတော့ ဗီရို အောက်ဆုံးတွင် သတင်းစာစက္ကူဖြင့် ထုပ်ကာ ပရုတ်လုံးလှိုင်လှိုင် ထည့်ထားသည့် ဝတ်စုံကို ရှာဖွေတွေ့ရှိခဲ့သည်။ သူက ဝတ်စုံကို ခုတင်ပေါ်သို့ ဖြန့်ချပြီးချိန်အထိ သူ့မိန်းမကတော့ သေသူ၏အကြောင်းကို စဉ်းစားနေဆဲ။

သူက ဗိုလ်မှူးကြီးကို လှည့်ကြည့်ရင်း-

"ခုလောက်ဆို သူ အဂူစတင်နဲ့ တွေ့နေလောက်ရောပေါ့နော်။ အဂူစတင် ဆုံးပြီးနောက်ပိုင်း ကျွန်မတို့ ဘယ်လို အသက်ရှင် နေထိုင်နေရတယ်ဆိုတာကို သူ အဂူစတင်ကို မပြောလောက်ပါဘူးနော်"

mgyoe.com

mgyne.com SAMPLE BOOK

ဟု ပြောသလိုလို၊ မေးသလိုလို ပြောလိုက်သည်။

ဗိုလ်မှူးကြီးက သူ့မိန်းမကို လှည့်မကြည့်ဘဲ–

''သူနဲ့ အဂုစတင်နဲ့ ဆုံကြရင် တိုက်ကြက်တွေအကြောင်း စကားလက်ဆုံကျနေမှာပေါ့၊ တခြားအကြောင်း ပြောဖြစ်မယ် မထင်ပါဘူး''

ဟု နှစ်သိမ့်လိုက်၏။

ဗိုလ်မှူးကြီးသည် ဗီရိုထဲမှ ရောမ ထီးဟောင်းကြီးတစ်ချောင်းကို တွေ့၏။ ထိုထီးကား ဗိုလ်မှူးကြီး တော်လှန်ရေး ရန်ပုံငွေအတွက် ပါတီပွဲကျင်းပစဉ် မဲဖောက်တုန်းက သူ့မိန်းမ မဲပေါက်ခဲ့သည့်ပစ္စည်း ဖြစ်သည်။ ထိုညက မိုးတွေ ဖွဲနေလင့်ကစား ပွဲလမ်းသဘင်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးကတော်နှင့် ထိုအချိန်က ရှစ်နှစ်သာ ရှိသေးသည့် သူတို့သား အဂုစတင်တို့သည် ဤရောမထီးကြီးအောက်မှာ ထိုင်ရင်း ပွဲပြီးသည်အထိ ကြည့်ရှုအားပေးခဲ့ကြသည်။ ခုတော့ အဂုစတင်လည်း ဆုံးပါးခဲ့ပြီ။ ထီးကြီးမှာလည်း ထီးရွက်တွေ ခြစားကာ အရိုးပြိုင်းပြိုင်းသာ ကျန်တော့သည်။

''တို့ ထီးကြီး ဖြစ်ပျက်နေပုံကိုလည်း ကြည့်စမ်းပါဦးကွာ''

ဗိုလ်မှူးကြီးက ကိုင်းတွေသာ ကျန်တော့သည့် ထီးကြီးကို ဖွင့်ကြည့်ရင်း ပြောလိုက်သည်။

''ခုတော့လည်း ထီးကြီးက ကောင်းကင်က ကြယ်တွေ ရေတွက်ဖို့လောက်ပဲ အသုံးကျတော့သကိုးကွ''

ဗိုလ်မှူးကြီးက သူ့စကားသူ သဘောကျသလို ပြုံးလိုက်သည်။ ဗိုလ်မှူးကြီးကတော် ပန်းနာသည်ကြီးကတော့ ထီးကြီးကို လှည့်ပင် မကြည့်။ ပါးစပ်ကတော့ ဆီမန်း မန်းသလို တတွတ်တွတ် ရွတ်နေခဲ့သည်။

''အားလုံးဟာ ဒီအတိုင်းပါပဲ၊ ကျွန်မတို့လည်း အသက်ရှင်နေတုန်းကို ပုပ်သိုးဆွေးမြည့်နေတာပဲ မဟုတ်လား''

သူက ထိုစကားကို ရေရွတ်လိုက်ပြီးနောက် မျက်စိများကို ပိတ်ကာ သေသူအပေါ် မရဏာနုသတိ ပြုနေခဲ့ပြန်သည်။

မှန်မရှိသည်မှာ နှစ်ပရိစ္ဆေဒ ကြာကြာလှပြီ ဖြစ်သောကြောင့် ဗိုလ်မှူးကြီးသည် မုတ်ဆိတ်ကျင်စွယ်တို့ကို လက်ဖြင့်စမ်းကာ ရိတ်သင်၏။ ထို့နောက် တိတ်ဆိတ်စွာဖြင့် အဝတ်လဲ၏။ ဘောင်းဘီသည် ကျပ်လွန်းအားကြီးသဖြင့် ခြေမျက်စိအထိ ရောက်သော အတွင်းခံ ဘောင်းဘီရှည် ဝတ်ဆင်ထားသကဲ့သို့

 mgyoe.com SAMPLE BOOK 

ဖြစ်နေသည်။ ဘောင်းဘီကျပ်သဖြင့် တစ်ခုတော့ ကောင်းသည်။ ခါးပတ် ပတ်စရာမလို။ တကယ်ကတော့ ပတ်စရာ ခါးပတ်လည်း မရှိပါချေ။ မနီလာ စက္ကူအဟောင်း တစ်ရွက်လို အရောင်ပေါက်နေသည့် ရှပ်အင်္ကျီမှာလည်း တစ်ခါတုန်းဆီကတော့ ကြွေတိုက်ကော်လာ အမာ၊ ကြေးကြယ်သီး တဝင်းဝင်း နှင့် ခံ့ညားထည်ဝါခဲ့ပုံပေါက်သော်လည်း ခုတော့ ကော်လာလည်း စုတ်၊ ကြယ်သီးလည်း ပြုတ်နေသဖြင့် ဒုက္ခခံပြီး လည်စည်း စည်းနေစရာ မလိုတော့ပါ။

ဗိုလ်မှူးကြီးသည် အဝတ်အစား လဲလှယ်ခြင်းကိစ္စကို အရိုးပြိုင်းပြိုင်း မှဲ့ခြောက်တွေ ထနေသည့် လက်များဖြင့် အချိန်ယူကာ ဖြည်းဖြည်းချင်း လုပ်နေခဲ့သည်။ ရွှံ့တွေ ပေနေသည့် သားရေဖိနပ်မှ ရွှံ့ခြောက်များကို တစ်ဖတ် ချင်း စိတ်ရှည်လက်ရှည် ခွာချနေသည်။ ဗိုလ်မှူးကြီးကတော်သည် အဝတ်လဲနေ သည့် ဗိုလ်မှူးကြီးကို ငေးကြည့်ရင်း သူတို့ မင်္ဂလာဆောင်စဉ်က ဗိုလ်မှူးကြီး၏ ရုပ်ပုံလွှာကို သတိရနေမိသည်။ သူ့ယောကျ်ားသည် မမှတ်မိနိုင်လောက်အောင် အိုစနာကျသွားလှချေလားဟု သူ တွေးနေမိသည်။

"ရှင့်ကြည့်ရတာ တကယ့် အခမ်းအနားကြီးတစ်ခု သွားတက်တော့ မယ့် အတိုင်းပဲ"

"သြော်- ဒီအသုဘက တကယ့် အခမ်းအနားကြီး တစ်ခုပဲလေကွာ။ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် သေွးရိုးသားရိုး သေသွားတဲ့ အသုဘ လေကွာ"

နံနက်ကိုးနာရီကျော်သောအခါ ရာသီဥတုသည် အနည်းငယ် ကြည်လင် လာ၏။

ဗိုလ်မှူးကြီးက သွားတော့မည်အလုပ် သူ့မိန်းမက အင်္ကျီကို ဆွဲထား ရင်း-

"ခေါင်းဖြီးသွားဦးလေ" ဟု ဆိုလိုက်သည်။

ဗိုလ်မှူးကြီးသည် သူ၏ သံမဏိရောင်ပေါက်ပြီး ကြွပ်ဆတ် ဖွာလန် နေသည့် ဆံပင်ကို ဖြီးသင်ရန် ကြိုးစားသည်။

သို့သော် မအောင်မြင်ခဲ့။ သူက ခေါင်းခါရင်း-

"တော်ပါပြီကွာ၊ မဖြီးတော့ပါဘူး၊ ခေါင်းဖြီးလိုက်မှ ကြက်တူရွေးနဲ့ တူနေလိမ့်မယ်" ဟု ဆိုလိုက်သည်။

ဗိုလ်မှူးကြီးကတော်သည် ဗိုလ်မှူးကြီးကို တစ်ကိုယ်လုံး ခြေဆုံး ခေါင်းဆုံး စေ့စေ့ကြည့်လိုက်သည်။ ဟင့်အင်း၊ ဘယ်လို ကြည့်ကြည့်၊ ဘယ်

mgyoe.com

mgyoe.com SAMPLE BOOK

နေရာက ကြည့်ကြည့် ကြက်တူရွေးနဲ့ နည်းနည်းမှ မတူ။ တစ်ကိုယ်လုံး အရိုးနှင့် အရေသာ ရှိသည့် သူ့လင်တော်မောင် ဗိုလ်မှူးကြီးသည် မျက်လုံးတွေသာ အရောင်တောက်မနေဘူးဆိုလျှင် ဖော်မလင် စိမ်ထားသည့် မသာ တစ်လောင်းနှင့်သာ ချွတ်စွပ် တူနေတော့သည်။

"ကဲလေ- သွားပါတော့၊ ဒီတိုင်းပဲ ကောင်းပါတယ်၊ တော်သွားရင်းနဲ့ ဆရာဝန်ကို အိမ် ဘယ်တော့ ကြွလာနိုင်မလဲလို့ ဝင်မေးခဲ့ဦး"

ဟု မှာကြားလိုက်သည်။

ဗိုလ်မှူးကြီးသည် နံရံမှ အိမ်သုတ်ဆေးဖြူများ အဖတ်လိုက် ကွာကျနေသော၊ သွပ်မရှိသည့် နေရာများတွင် ထန်းရွက်များဖြင့် ကျားကန် မိုးထားရသော မြို့စွန်ရှိ သူ၏ အိမ်စုတ်ကလေးမှ ထွက်လာခဲ့သည်။

မိုးတိတ်သွားပြီ ဖြစ်သော်လည်း စွတ်စိုထိုင်းမှိုင်းနေဆဲ။ လမ်းမကြီးဆီသို့ ရောက်အောင် ခပ်သွက်သွက် လျှောက်လာရင်း သူ စိမ့်ကာ စိမ့်ကာ ချမ်းတက်လာသည်။

မျက်စိတစ်ဆုံး ကြည့်လေရာ တစ်မြို့လုံး ပန်းကော်ဇော ခင်းထား၏။ အိမ်ပေါက်ဝများတွင် အနက်ရောင် ဝတ်ထားသော မိန်းမများသည် အသုဘပွဲကို စောင့်စားနေကြ၏။

အသုဘအိမ်ရှိရာသို့ လျှောက်တုန်း လျှောက်ဆဲမှာ မိုးက ရွာလာပြန်သည်။ တစ်စုံတစ်ယောက်က-

"ဗိုလ်မှူးကြီး၊ ခဏစောင့်ပါဦး၊ ကျွန်တော် ထီးတစ်လက် ပေးလိုက်မယ်" ဟု အော်ပြောလိုက်သံ ကြားလိုက်သော်လည်း ဗိုလ်မှူးကြီးက လှည့်မကြည့်။

"ကျေးဇူးပါပဲ၊ ကျုပ် အဆင်ပြေပါတယ်" ဟုသာ ပြန်ပြောခဲ့သည်။

အလောင်းသည် ဘုရားကျောင်းသို့ သယ်မသွားရသေး။ အသုဘအိမ်မှာသာ ရှိနေသေးသည်။ အဖြူရောင်ဝတ်စုံများ၊ အနက်ရောင် လည်စည်းများ ကိုယ်စီနှင့် ယောကျ်ားသားများသည် ထီးကိုယ်စီ ဆောင်းလျက် အသုဘအိမ် လှေကားရင်းတွင် တန်းစီ စောင့်ဆိုင်းရင်း စကားစမြည် ပြောနေကြသည်။ ထိုအထဲမှ တစ်ယောက်က ရေးဟောင်း ဝတ်စုံနက်ကြီးဖြင့် ရေအိုင်လေးများကို ခုန်ကာ ခုန်ကာ မထော်မနမ်း တစ်ကိုယ်တော် ချီတက်လာသော ဗိုလ်မှူးကြီးကို မြင်သွားခဲ့သည်။

mgyoe.com

''ဗိုလ်မှူးကြီး လာ လာ၊ ကျွန်တော့်ထီးအောက်ကိုလာ''

''ရတယ်၊ ရတယ်၊ သူငယ်ချင်းရေ ကျေးဇူးပဲ''

ဗိုလ်မှူးကြီးက အသုဘအိမ်ထဲသို့ တန်းဝင်သွားခဲ့သည်။ သေသူ၏ မိခင်ကို တွေ့ဆုံပြီး ဝမ်းနည်းစကား ပြောကြားရပေဦးမည်။

အိမ်ထဲ ဝင်သွားသည်နှင့် ပန်းပေါင်းစုံ၏ သင်းထုံလှသည့် ရနံ့များကြောင့် မိုက်ခနဲတောင် ဖြစ်သွားခဲ့သေးသည်။ ဗိုလ်မှူးကြီးသည် အိမ်တစ်အိမ်လုံး ပြည့်နှက်နေသည့် အသုဘရှု ပရိသတ်ကို တွန်းရင်း တိုက်ရင်း နောက်ဆုံးခေါင်းတလားထဲမှာ တစ်ကိုယ်လုံး ပန်းတွေနဲ့ ဝေပြီး နှာခေါင်းလေးသာ ပေါ်တော့သည့် မသာအနားသို့ ရောက်သွားခဲ့သည်။

သေသူ၏ မိခင်သည် ခေါင်းနားတွင် ထိုင်ရင်း ထန်းရွက်ယပ်တောင်တစ်ချောင်းဖြင့် ယင်တွေကို မောင်းနေသည်။

မျက်နှာအိုကြီးများ ကိုယ်စီ၊ ဝတ်စုံနက်များ ကိုယ်စီဖြင့် မသာမယာထိုင်နေကြသည့် မိန်းမအချို့ကိုလည်း တွေ့ရ၏။

ဗိုလ်မှူးကြီးသည် မသာရှင် သေသူ့မိခင်အနားသို့ တိုးသွားရင်း ပခုံးပေါ် လက်ကို အသာအယာ တင်ကာ-

''ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ''

ဟု ဝမ်းနည်းစကား ဆိုလိုက်သည်။

မသာရှင် အမျိုးသမီးကြီးက ဗိုလ်မှူးကြီးကို လှည့်မကြည့်ဘဲ အသံထွက်၍ ကျယ်လောင်စွာ ငိုကြွေးလိုက်၏။ ဗိုလ်မှူးကြီးသည် အတော်လေး စိတ်အိုက်ကာ အနေရ အထိုင်ရ ခက်လာ၏။ ထိုငိုသံကြီးက အကောင်အထည်မမြင်ရသည့် အရိပ်သဏ္ဌာန်အသွင်သို့ ပြောင်းလဲကာ သူ့ကို မသာနားရောက်အောင် တွန်းပို့နေသလို ခံစားရသည်။ သူ ရပ်နေရာမှ တဖြည်းဖြည်းရွေ့လာသလို ခံစားရသဖြင့် ဗိုလ်မှူးကြီးသည် အလန့်တကြားဖြင့် နံရံကိုလက်ဖြင့် ထောက်မိရန် ကြိုးစားသော်လည်း နံရံကို သူ ရှာမတွေ့။ အိမ်နံရံနေရာတွင် အကောင်အထည်မဲ့ အရိပ်သဏ္ဌာန်များကိုသာ သူ တွေ့ရ၏။

ထိုအချိန်မှာ တစ်စုံတစ်ယောက်က သူ့နားနားသို့ ကပ်ကာ အလွန်တိုးညင်းစွာဖြင့်-

''သတိသာ ထားပေတော့ ဗိုလ်မှူးကြီးရေ''

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောလိုက်သံကို သူ ကြားလိုက်ရသည်။ ဗိုလ်မှူးကြီးသည် အသံလာရာသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ မသာနှင့် မျက်နှာချင်း အပ်လုနီး ဖြစ်သွားခဲ့သည်။ သို့သော်လည်း တောင့်တင်းနေသည့် မသာ၏ မျက်နှာကို သူ မမှတ်မိ။ ဗိုလ်မှူးကြီးက ခေါင်းမော့လိုက်၏။ သေတ္တာတစ်လုံး ထဲမှ ပန်းတွေ ဖွားခနဲ လွင့်ကျလာသည်ကို တွေ့လိုက်ရသလိုလို ထင်မိပြန်၏။ သူ မျက်လုံးတွေဝါး၊ ချွေးစေးတွေပြန်ပြီး အဆစ်အမြစ်တွေ နာကျင် ကိုက်ခဲလာ သည်။ သူ့မျက်ခွံတွေ နာလာသည်။ ဟင်- သူ့မျက်ခွံပေါ် မိုးပေါက်တွေ ကျနေပါလား။ ထိုအခါမှပင် ဗိုလ်မှူးကြီးသည် တစ်စုံတစ်ယောက်က သူ့ လက်မောင်းကို တွဲလျက် လမ်းပေါ်တွင် လျှောက်နေကြသည်ကို သတိထား မိတော့သည်။

''ခပ်သွက်သွက်လေး လျှောက် သူငယ်ချင်း၊ ငါ မင်းကို စောင့်စောင့် နေရတယ်''

လက်စသတ်တော့ သူ့နံဘေးက လျှောက်လှမ်းနေသူမှာ သေလွန်ခဲ့ပြီ ဖြစ်သည့် သူတို့သား အဂုစတင်၏ ခေါင်းကိုင်အဖေ၊ နိုင်ငံရေး လုပ်ကြံမှုကြီးမှ လွတ်မြောက်၍ ဤမြို့တွင် တစ်ဦးတည်းသော ရှင်သန်နေသူ သူတို့ ပါတီ ခေါင်းဆောင်၊ သူ၏ သူငယ်ချင်း ဆာဗားစ် ဖြစ်တော့သကိုး။

''ကျေးဇူးပဲ သူငယ်ချင်း''

ဗိုလ်မှူးကြီးက ခွန်းတုံ့ပြန်လိုက်ပြီး သူတို့နှစ်ယောက် ထီးတစ်ချောင်း အောက်ဝယ် ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။

အသုဘတီးဝိုင်းသည် တီးမှုတ်ရန် အဆင်သင့် ဖြစ်နေချေပြီ။ ဗိုလ်မှူးကြီး သည် ထိုတီးဝိုင်းတွင် ထရမ်းပက်သမား မပါသည်ကို သတိထားမိသည်။ ထို့ကြောင့် လည်း ပထမဆုံးအကြိမ်အဖြစ် ထိုသူသည် အမှန်တကယ် သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သူ သေချာသွားခဲ့သည်။

''အင်း- သနားစရာပဲလေ''

ဗိုလ်မှူးကြီးက ရေရွတ်မြည်တမ်းလိုက်သည်။

ဆာဗားစ်က လည်ချောင်းရှင်းလိုက်သည်။ သူ့အရပ်က ဗိုလ်မှူးကြီး ထက် ပုသောကြောင့် ဘယ်ဘက်လက်ကို အစွမ်းကုန်မြှောက်ကာ ထီးကြီးကို ကိုင်ထားရသည်။

''သူငယ်ချင်း၊ တိုက်ကြက်ကြီး ဘာထူးသေးလဲ''

mgyoe.com

mgyoe.com

''ဘာမှ မထူးသေးပါဘူး၊ အိမ်မှာပဲလေ''

ထိုအချိန်မှာပင် စူးစူးဝါးဝါး အော်သံတစ်ခု ကြားလိုက်ကြရသည်။

''ဟေ့လူတွေ၊ အသုဘကို ဘယ်ကို သယ်သွားဦးမလို့လဲကွ''

ဗိုလ်မှူးကြီးသည် အသံလာရာသို့ ကြည့်လိုက်၏။ စစ်ဌာနချုပ်တည်ရှိရာ ဂေဟာ၏ ဝရန်တာတွင် ဖလန်နယ်အင်္ကျီ ဖိုးရိုးဖားရားဖြင့် ခပ်ကုပ်ကုပ်ရပ်နေသည့် မြို့တော်ဝန်ကို သူ တွေ့လိုက်ရသည်။ မုတ်ဆိတ် ပါးမြိုင်းမွေးတို့ဖြင့် ရှုပ်ပွနေသော သူ့မျက်နှာက ဖောသွပ်သွပ် ဖြစ်နေသယောင် ထင်ရသည်။ အသုဘတီးဝိုင်းသည် မြို့တော်ဝန်၏ အသံကြောင့် အတီးအမှုတ်ကို ရပ်လိုက်၏။ အသုဘပို့ ပရိသတ်သည်လည်း တုံ့ခနဲ ရပ်သွား၏။ ခဏနေတော့ ဆရာတော်အိန်ဂျယ်နှင့် မြို့တော်ဝန်တို့ အပြန်အလှန် အော်ကြီးဟစ်ကျယ် ပြောဆိုနေကြသည်ကို ဗိုလ်မှူးကြီး တွေ့နေရသည်။

သို့သော်လည်း ထီးပေါ်သို့ တဖြောင်းဖြောင်းကျနေသည့် မိုးစက်များ၏ အသံကြောင့် သူတို့ ဘာတွေ ပြောနေသည်ကို မကြားရ။

''ကဲ...''

ဆာဗားစ်က စကားစလိုက်သည်။

''ဘာကဲတုံး သူငယ်ချင်းရဲ့၊ ဘာမှ ကဲမနေနဲ့၊ အသုဘဟာ စစ်ဌာနချုပ်ရှေ့က ဖြတ်ခွင့်မရတာ သေချာပါသကွာ''

ဟု ဗိုလ်မှူးကြီးက ပြောလိုက်သည်။

ဆာဗားစ်က သက်ပြင်းချရင်း-

''ဟုတ်ပါတယ်ကွာ၊ ငါ မေ့သွားတယ် သူငယ်ချင်း၊ တို့ဟာ စစ်အုပ်ချုပ်ရေးအောက် ရောက်နေတယ်ဆိုတာ ငါ အမြဲတမ်းကို မေ့နေတော့တာပါပဲကွာ''

ဟု ဆိုလိုက်၏။

''ဒါပေမဲ့လည်း သူပုန်တစ်ယောက်ရဲ့ ရျာပနမှ မဟုတ်ဘဲကွာ၊ ခုဟာက ရိုးသားတဲ့ ဂီတပညာရှင်တစ်ဦးရဲ့ နောက်ဆုံးခရီးပါကွာ''

မည်သို့ပင်ဆိုစေကာမူ အသုဘ အခမ်းအနားသည် စစ်ဌာနချုပ်ရှေ့မှ ဖြတ်ခွင့်မရ။ ထို့ကြောင့်လည်း လူအုပ်ကြီးသည် လမ်းကြောင်း ပြောင်းကြရရှာ၏။ လမ်းဘေးမှ အမျိုးသမီးများသည် လက်သည်းများကိုကိုက်ရင်း အသုဘရှု ပရိသတ်ကြီးကို ညှိုးငယ်တိတ်ဆိတ်စွာ ကြည့်နေကြ၏။

mgyoe.com

သို့သော်လည်း သင်္ချိုင်းနားသို့ ရောက်လာသောအခါ အခေါင်းထဲမှ သွားလေသူကြီးသည် သူတို့အသံကို ကြားရသည့်အလား လူအုပ်ကြီးအတွင်းမှ သွားလေသူကို နောက်ဆုံး နှုတ်ဆက်သံများ၊ ကောင်းချီးပေးသံများ ထွက်ပေါ်လာခဲ့သည်။ ဗိုလ်မှူးကြီးသည် မအီမသာ ခံစားလာရသည်။

ဆာဗားစ်က သူ့ကို အလောင်းမှ ဝေးဝေး ချောင်ခပ်ကျကျ တစ်နေရာသို့ တွန်းပို့လိုက်ပြီး-

''နေမကောင်းဘူးလား သူငယ်ချင်း၊ ဘာဖြစ်လို့လဲ''

ဟု မေးလိုက်သည်။

ဗိုလ်မှူးကြီးက သက်ပြင်းချလိုက်ပြီး-

''ခု အောက်တိုဘာလ ရောက်ပြီလေ''

ဟု ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။

အသုဘပို့ပြီးနောက် သူတို့နှစ်ယောက် လာရာလမ်းအတိုင်း လှည့်ပြန်လာခဲ့ကြသည်။ ခုတော့လည်း ရာသီဥတုက ပြစ်မျိုးမဲ့မထင်အောင် ကြည်လင်နေခဲ့ပြန်ပြီ။ ကောင်းကင်သည် ပြာလွင်လျက်။ မိုးလည်း တစိုးတစိမှ မရွာတော့။

ဗိုလ်မှူးကြီးသည် ခုနတုန်းကထက်စာလျှင် နေလို့ထိုင်လို့ ပိုကောင်းလာသယောင် ထင်ရသော်လည်း သရိုးသရီ ဖြစ်နေဆဲ။ ထိုအချိန်မှာ ဆာဗားစ်၏ အသံကြောင့် သူ့အတွေးများ ပျက်စီးသွားရပြန်သည်။

''ဆရာဝန်နဲ့ မပြဘူးလား သူငယ်ချင်း''

''ငါ နေမကောင်းတာ မဟုတ်ပါဘူး၊ ပြဿနာက အောက်တိုဘာလပဲ။ ဒီလရောက်တိုင်း ငါ့ဗိုက်ထဲမှာ တိရစ္ဆာန်တစ်ကောင်ကောင် ဝင်မွေနေသလို ခံစားနေရတယ်''

ထိုအချိန်တွင် အခိုင်အခံ့ ဆောက်လုပ်ထားသော၊ သံတံတိုင်းများ ကာရံထားသော၊ ဆာဗားစ်၏ သစ်လွင်သော အိမ်ဂေဟာသို့ ရောက်လာပြီဖြစ်သောကြောင့် ဆာဗားစ်က နှုတ်ဆက်ရင်း နေရစ်ခဲ့သည်။ ဗိုလ်မှူးကြီးသည် သူ ဝတ်ထားသည့် ဝတ်စုံကို ချွတ်ပစ်ချင်ဇောဖြင့် အိမ်သို့ အမောတကော ပြန်လာခဲ့သည်။ သို့သော်လည်း အိမ်ရောက်ပြီး ခဏကြာတော့ ကော်ဖီမှုန့် တစ်ဘူးနှင့် တိုက်ကြက်အတွက် ပြောင်းစေ့ တစ်ပေါင် ဝယ်ဖို့ လမ်းထောင့်ရှိ စတိုးဆိုင်သို့ သူ ထွက်လာရပြန်သည်။

mgyoe.com

mgyne.com

SAMPLE BOOK


ကြာသပတေးနေ့များတွင် တစ်နေ့လုံး သူ့ကြိုးခုတင်ပေါ်တွင်သာ အချိန်ကုန်ဆုံးလိုသော်လည်း ဗိုလ်မှူးကြီးသည် ခုတော့ ဘယ်လိုမှ မတတ်နိုင်ဘဲ ကြက်အတွက် အချိန်ပေးနေရသည်။ ရာသီဥတုကလည်း သာယောင့်သာယာ မရှိသည်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ။ ပြီးခဲ့သည့် တစ်ပတ်အတွင်း သူ့ဗိုက်ထဲမှ အောက်တိုဘာ ရာသီပေါ်အပင်ကလေးတွေ အညှောက် ပေါက်လာခဲ့ကြသည်။ သူ့ပါရမီဖြည့်ဖက် ဖန်းနာသည်ကြီး၏ ရောဂါထချိန်နှင့်လည်း တိုက်ဆိုင်သဖြင့် အဆုတ်ထဲမှ ကြောင်ပေါက်ကလေးပေါင်း များစွာ၏ အသက်ရှူသံလို တရှီးရှီး တခွီးခွီး မြည်သံများကြောင့် အိပ်မရသည့် ညတွေ အသချေ အနန္တကိုလည်း သူ အံခဲ ဖြတ်ကျော်ခဲ့ပြီးပြီ။

သောကြာနေ့ဆိုလျှင်တော့ အောက်တိုဘာသည် သူနှင့် အမြဲတမ်း စစ်ပြေငြိမ်းလေ့ရှိသည်ကော။ ထိုနေ့ နေ့လယ်က စက်ချုပ်ဆိုင်မှာ အလုပ်လုပ်ကြသည့် အဂူစတင်၏ ရောင်းရင်း ကြက်သမားများ အိမ်သို့ ရောက်လာပြီး တိုက်ကြက်ကြီးကို စစ်ကြ ဆေးကြသည်။ တိုက်ကြက်ကား ဒေါင်ဒေါင်မြည်။

သူတို့ ပြန်သွားကြသည့်အခါ ဗိုလ်မှူးကြီးသည် အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ခုတော့ တစ်အိမ်လုံးမှာ သူနှင့် သူ့ဇနီး နှစ်ယောက်တည်း။ သူ့ဇနီး၏ ဖန်းနာရင်ကျပ်သည်လည်း အချိန်တန်၍ ပျောက်ကင်းသွားခဲ့ပြန်ပြီ။

''သူတို့က ဘာပြောလဲ''

''သူတို့ အကြီးအကျယ် စိတ်လှုပ်ရှားနေကြတယ်၊ ပြောတာကတော့ တစ်မြို့လုံး တို့ကြက်ဘက်ကနေ ပုံအောပြီး လောင်းဖို့ ငွေစုနေကြတယ်တဲ့''

ဗိုလ်မှူးကြီးက သူ့မဟေသီကို သတင်းကောင်း ပေးလိုက်သည်။

''ဒီလောက် အရုပ်ဆိုးတဲ့ သတ္တဝါကို ဘာတွေ ကြိုက်နေကြမှန်း မပြောတတ်ပေါင်တော်။ ကျွန်မ အမြင်တော့ ဒီကြက်လောက် ကျက်သရေတုံးတဲ့ သတ္တဝါ လောကမှာ အတော်ရှားလိမ့်မယ်၊ သူ့ခေါင်းကို ကြည့်စမ်းပါဦး၊ အော်ဂလီဆန်စရာ''

''ဒါက မင့် အထင်ကိုးကွ၊ သူတို့ ပြောတာတော့ ဒီကြက်ဟာ တစ်ခရိုင်လုံးမှာ အကောင်းဆုံးတဲ့၊ ခုနေ ရောင်းလိုက်ရင် အနည်းဆုံး ပီဆို ငါးဆယ်တော့ အသာလေး ရမှာတဲ့ကွ''

အမှန်တော့လည်း လွန်ခဲ့သည့် ကိုးလက ကြက်တိုက်ပွဲတစ်ခုမှာ မြေအောက်တော်လှန်ရေး စာရွက်စာတမ်းများ ဖြန့်ဝေမှုဆိုသည့် ပြစ်ချက်ဖြင့်

mgyne.com

ဖမ်းဆီးပစ်သတ်ခံခဲ့ရသည့် သူ့တို့သား အဂူစတင်၏ အမွေဖြစ်သည့် ဒီကြက်ကို သူ ဆက်လက်မွေးမြူထားခဲ့ရသည့် အကြောင်းရင်းမှာ အဆိုပါ တန်ကြေး ကြောင့်သာပါတည်း။ သူ့မိန်းမကတော့ ထိုစကားကို ယုံပုံ မရ။

''တွက်ရေးက စက်သူဌေးပေမယ့် တော်တို့ ကျုပ်တို့မှာ တွက်ကြည့်တော့ စက်မရှိဘူးတော်ရေ့။ ပြောင်းဖူးဆန်တွေ မဝယ်နိုင်တော့ရင် တော့်ကြက်ကို ကျုပ်တို့ နှစ်ယောက် ရင်ခွဲပြီး အသည်းထုတ်ကျွေးရုံ ရှိတာပဲ''

ဗိုလ်မှူးကြီးက သူ့မိန်းမ၏ စကားကို ခွန်းတုံ့မပြန်ဘဲ တစ်စုံတစ်ခုကို အပြင်းအထန် စဉ်းစားသလို ငေးငေးငိုင်ငိုင် ရှိနေခဲ့သည်။ အတန်ကြာမှ-

''ဒီကြက်အတွက် နောက်ထပ် လနည်းနည်းလောက် ထပ်စောင့်လိုက်ရင် အဆင်ပြေသွားမှာပါကွာ၊ ဇန်နဝါရီလဆို ကြက်ပွဲတွေ လာပြီ၊ အဲဒီကျရင် ဒီကြက်ဟာ ပိုတောင် ဈေးကောင်းလာလိမ့်ဦးမှာ''

ဟု ဆိုရင်း အဝတ်ဗီရိုထဲမှ သူ၏ ဝတ်စုံဖြူကို ငေးကြည့်နေ၏။ ဘောင်းဘီက တွန့်ကြေနေပြီး မီးပူတိုက်ရန် လိုအပ်နေသည်။ သူ့မိန်းမသည် ဝတ်စုံဖြူကို ဗီရိုထဲမှ ထုတ်ကာ မီးပူထိုးရန် ပြင်ဆင်နေ၏။

သူက ဗိုလ်မှူးကြီးကို မေးလိုက်၏။

''ဒါနဲ့ နေစမ်းပါဦး၊ အလောတကြီးနဲ့ ဘယ်သွားမလို့တုံး''

''စာလေ၊ စာ၊ စာ''

''ဩော်- ဟုတ်သားပဲ၊ ဒီနေ့ သောကြာဆိုတာ ကျွန်မ မေ့သွားလို့''

ဗိုလ်မှူးကြီးကတော်က အိပ်ခန်းထဲ ပြန်ဝင်သွားသည်။ ဗိုလ်မှူးကြီးသည် ဝတ်စုံဖြူကို ဝတ်ဆင်လိုက်သည်။ ဘောင်းဘီကို မီးပူထိုး၍ မပြီးသေးသဖြင့် ဘောင်းဘီတော့ မဝတ်ရသေး။ ဗိုလ်မှူးကြီးကတော်က ဗိုလ်မှူးကြီး၏ ရှူးဖိနပ်များကို ကြည့်ရင်း-

''ဒီဖိနပ်တွေက စုတ်ပြတ်နေပြီပဲ'' ဟု ဆိုလိုက်၏။

ဗိုလ်မှူးကြီးက ခေါင်းညိတ်ရင်း-

''ဟုတ်တယ်၊ သူတောင်းစား စီးတဲ့ ဖိနပ်ကမှ ဒီထက်သာလိမ့်ဦးမယ်။ ဒီဖိနပ်တွေ စီးတိုင်း ငါ့ကိုယ်ငါ ဒုက္ခသည်စခန်းကနေ ထွက်ပြေးလာတဲ့ အခြေမဲ့ အနေမဲ့ တစ်ယောက်လို ခံစားရတယ်'' ဟု ပြောရှာသည်။

သူ့မိန်းမက သက်ပြင်းချရင်း-

''ကျွန်မတို့လည်း အဂူစတင် သေပြီးကတည်းက သူတောင်းစား သာသာပါပဲရှင်'' ဟု ဆိုလိုက်သည်။

mgyoe.com

mgyoe.com

ဗိုလ်မှူးကြီးသည် ထိုဖိနပ်များကို မစီးဖြစ်တော့ဘဲ အရင်အကြိမ်များကဲ့သို့ပင် သားရေရှူးဖိနပ်ကို ပြောင်းစီးပြီး ခါးပတ် မပါသည့် ဝတ်စုံဖြူ ကော်လာစုတ်နေသည့် ရှပ်အင်္ကျီတို့ကို ဝတ်ဆင်ကာ သင်္ဘောမဆိုက်မီ ဆိပ်ကမ်းသို့ ထွက်လာခဲ့သည်။ သူသည် ဆီးရီးယားသား မိုးဇက်၏ဆိုင်မှာ ထိုင်ရင်း သင်္ဘောဆိုက်လာသည်ကို စောင့်ကြည့်နေ၏။

သင်္ဘောပေါ်မှာ ရှစ်နာရီလုံးလုံး မလှုပ်သာ မယှက်သာ ထိုင်ခဲ့ရသည့် ခရီးသွားများသည် ခုမှ အားပါးတရ အညောင်းဆန့်နေကြသည်။ ပြီးခဲ့သည့် အပတ်က မြို့မှ ထွက်ခွာသွားခဲ့ကြသည့် နယ်လှည့်အရောင်းသမားများသည်လည်း သင်္ဘောနှင့်အတူ ထုံးစံအတိုင်း ပြန်လိုက်လာခဲ့ကြသည်။

စာပုံးကို နောက်ဆုံးမှ သင်္ဘောပေါ်က ချကြ၏။ ကုန်းပေါင်ပေါ် တင်ထားသည့် စာပုံးကို ဗိုလ်မှူးကြီးသည် စိတ်မသက်မသာဖြင့် ငေးကြည့်နေမိသည်။ ဤစာပုံးသည် တစ်ဆယ့်ငါးနှစ်လုံးလုံး သူ့ကို ကာယိကဒုက္ခနှင့် စေတသိကဒုက္ခများ ပေးခဲ့သည်ကော။ သို့သော်လည်း မကြာခင် ဈေးကောင်းရမည်ဟု ယူဆရသည့် တိုက်ကြက်ကြောင့် သူ့စိတ်အာရုံများ လှုပ်ရှားလာသည့်နည်းတူ ဆယ့်ငါးနှစ်လုံးလုံး စဉ်ဆက်မပြတ် စောင့်စားလာရသည့် စာတစ်စောင် ပါလာမည်ဟု ယူဆရသည့် စာပုံးကြောင့် သူ့အတွေးအာရုံများ ထက်မြက်လာခဲ့ရသည်။ ထိုခဏမှာပင် စာပုံးကို စာတိုက်ဆီသို့ သယ်ဆောင်သွားဖို့ ပြင်ဆင်နေသည်ကို သူ တွေ့လိုက်ရသည်။

ဗိုလ်မှူးကြီးသည် ဆိပ်ကမ်းနှင့် မျဉ်းပြိုင်တည်ရှိသော၊ စတိုးဆိုင်ကလေးများနှင့် ဈေးဆိုင်ကလေးများ ဝင်္ကပါသဖွယ် ပြွတ်သိပ်စွာ ရှိနေသော လမ်းကလေးအတိုင်း စာပုံးနောက်မှ မယောင်မလည် နောက်ယောင်ခံလိုက်လာခဲ့သည်။ ထိုသို့ ပြုလုပ်တိုင်း သူ အမြဲတမ်း ခံစားခဲ့ရသည့် အကြောက်တရားကို ရင်နှင့် မဆံ့အောင် သူ ခံစားနေခဲ့ရပြန်သည်။

စာတိုက်ကို ရောက်တော့ သတင်းစာ စောင့်နေသော ဆရာဝန်ကို တန်းတန်းမတ်မတ်ကြီး သူ တွေ့ရတော့သည်။

''မိန်းမက ခင်ဗျား အိမ် ဘယ်တော့ ကြွလာနိုင်သလဲလို့ မေးခိုင်းလိုက်သဗျ''

ဗိုလ်မှူးကြီးက ဆရာဝန်ကို လမ်းကြုံတုန်း ပင့်လိုက်သည်။

ဆရာဝန်မှာ ပိတုန်းရောင်ကေသာ တလက်လက် တောက်ပဆဲဖြစ်သောကြောင့် ရုတ်တရက် ကြည့်ပါက ခပ်ငယ်ငယ်ဟုသာ ထင်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ၏ ညီညာဖြူဖွေးပြီး အင်္ဂါစုံလွန်းသည့် သွားများကြောင့်လည်း ပြောစမှတ်ပြုရသူ တစ်ဦး ဖြစ်သည်။ ဆရာဝန်က သူ့လူနာ ပန်းနာသမား၏ ရောဂါအခြေအနေကို အနည်းငယ် မေးမြန်း၏။ ဗိုလ်မှူးကြီးက စာပုံးထဲမှ စာများကိုထုတ်ကာ စာပို့လုလင်များကို ဝေပေးနေသော စာတိုက်ဗိုလ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ဆရာဝန်၏ မေးမြန်းချက်များကို ဖြေနေ၏။

စာတိုက်ဗိုလ် စာတစ်စောင်ကို ထုတ်လိုက်တိုင်း သူ့ရင်မှာ သိမ့်ခနဲငြိမ့်ခနဲ ဖြစ်ဖြစ်သွားတတ်သည်။

စာတိုက်တွင် စောင့်ဆိုင်းနေသူများအတွက် အသီးသီး အသကသက်ဆိုင်ရာ စာများကို ဝေငှချိန်ရောက်ပြီ။

ဆရာဝန်အတွက် စာနှင့် သတင်းစာများ ရပြီ။ ဆရာဝန်သည် ဆေးကြော်ငြာများနှင့် သတင်းစာများကို အိတ်ထဲသို့ ထည့်လိုက်ပြီး စာကို ဖင်ပြန်ခေါင်းပြန် ကြည့်နေ၏။ ဗိုလ်မှူးကြီးသည် သူ့စာ ပါလောက်သည့် ကောင်တာကို သတိကြီးစွာထားရင်း ပြူးပြဲကြည့်နေသည်။ အပြာရောင် အနားကွပ်များဖြင့်ဘောင်ခတ်ထားသော လေယာဉ်စာအိတ်ကို မြင်တိုင်း သူ့ရင်ထဲမှာ တင်းခနဲဖျဉ်းခနဲ ဖြစ်သွားတတ်သည်။

ဆရာဝန်က သတင်းစာကို စဖတ်နေခဲ့ပြီ။ ဗိုလ်မှူးကြီးကတော့သူ့ရှေ့တွင် လာရပ်မည့် စာတိုက်ဗိုလ်ကို မျှော်လင့်ရင်း ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်။ သို့သော် စာတိုက်ဗိုလ်က ရောက်မလာခဲ့။ ဆရာဝန်သည် သတင်းစာကို ဖတ်လိုက်၊ ဗိုလ်မှူးကြီးကို ကြည့်လိုက်၊ စာဝေသည့်လုပ်ငန်း ပြီးဆုံး၍ကြေးနန်းခုံတွင် ထိုင်နေပြီဖြစ်သည့် စာတိုက်ဗိုလ်ကို ကြည့်လိုက်၊ ဗိုလ်မှူးကြီးကိုပြန်ကြည့်လိုက် လုပ်နေခဲ့ပြီး-

''ကျုပ်တို့ သွားမယ်ဗျို့''

ဟု မည်သူ့ကို ရည်ရွယ်မှန်း မသိဘဲ အသံပေးလိုက်သည်။

စာတိုက်ဗိုလ်က ခေါင်းမော့မကြည့်ဘဲ-

''သွား သွား၊ ဗိုလ်မှူးကြီးအတွက်တော့ ဘာမှ မပါဘူးဗျို့''

ဟု ဆိုလိုက်သည်။

အရှက်တရားသည် ဗိုလ်မှူးကြီး တစ်ကိုယ်လုံး ဆံပင်ဖျားမှ ခြေသည်းကြားထိ လွှမ်းခြုံသွားခဲ့သည်။

''ဒီလိုပဲ လာကြည့်တာပါဗျာ၊ ကျုပ်က ဘာမှ မမျှော်လင့်ပါဘူး''

mgyoe.com

mgyoe.com

SAMPLE BOOK


ဟု အရှက်ပြေ ပြောလိုက်ပြီး ဆရာဝန်ဘက်သို့ လှည့်ကာ ကလေးငယ်တစ်ဦး၏ မျက်နှာပေးမျိုးဖြင့်-

''ကျုပ်ဆီ ဘယ်သူမှ စာမရေးကြပါဘူးဗျာ''

ဟု ပြောဆိုလိုက်ရာသည်။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာဖြင့် စာတိုက်မှ ပြန်လာခဲ့ကြသည်။ ဆရာဝန်က လမ်းသွားရင်း သတင်းစာ ဖတ်လာသလို ဗိုလ်မှူးကြီးကလည်း သူ့ထုံးစံအတိုင်း လမ်းပေါ်ကျနေသော ရွှေဒင်္ဂါး တစ်ပြားကို ရှာဖွေနေသူကဲ့သို့ လျှောက်လှမ်းလာခဲ့သည်။ ထိုနေ့က နေသာ၏။ မြို့လယ်လမ်းမှာ စီတန်းနေသော ဗာဒံပင်အိုတို့သည် ရွက်ဆွေးများကို ခြွေချနေခဲ့ကြသည်။ ဆရာဝန်၏ ရုံးခန်းတံခါးဝရှေ့ သူတို့ ရောက်ကြသောအခါ မှောင်စပျိုးခဲ့ပြီ။

''ဘာသတင်းထူးလဲဗျ''

ထိုအခါကျမှ ဗိုလ်မှူးကြီးက ဆရာဝန်အား မေးလိုက်သည်။

ဆရာဝန်က ဗိုလ်မှူးကြီးကို သတင်းစာအချို့ပေးလိုက်ပြီး-

''ကိုယ့်ဘာသာကိုယ်သာ ဖတ်ကြည့်ပါတော့ဗျာ၊ ဆင်ဆာအဖွဲ့က ခွင့်ပြုတဲ့ စာကြောင်းတွေကို ဖတ်ရတာ တစ်ခါတလေ ဘာအဓိပ္ပာယ်ပေါက်နေမှန်းတောင် မသိတော့ပါဘူး'' ဟု ဆိုလိုက်သည်။

ဗိုလ်မှူးကြီးက သတင်းစာခေါင်းကြီး အချို့ကို ဖတ်လိုက်သည်။ အပြည်ပြည်ဆိုင်ရာ သတင်းများ၊ ထိပ်ဆုံးစာမျက်နှာ လေးကော်လံမြောက်တွင်တော့ စူးအက်တူးမြောင်း သတင်းတစ်ပုဒ်ကို တွေ့ရသည်။ ထိုမှတစ်ပါး ထိပ်ဆုံးစာမျက်နှာတစ်ခုလုံးမှာ အခပေး နာရေးကြော်ငြာသတင်းများနှင့် ပြည့်နှက်လျက် ရှိသည်။

''ဒီအတိုင်းဆိုရင်တော့ ရွေးကောက်ပွဲ လုပ်ဖို့ ဖြစ်နိုင်လိမ့်ဦးမယ် မထင်ဘူးနော်''

ဆရာဝန်က ဗိုလ်မှူးကြီးကို ကြည့်လိုက်ပြီး-

''သူငယ်နှပ်စားလေးတစ်ယောက်လို ပြောမနေစမ်းပါနဲ့ ဗိုလ်မှူးကြီးရယ်။ ကယ်တင်ရှင်ကို မျှော်ဖို့ဆိုတာ ကျုပ်တို့အတွက် သိပ်ကို နောက်ကျလွန်းအားကြီးသွားခဲ့ပါပြီလေ။ ကျုပ်တို့တွေ အသက်ကြီးလှပြီ ဗိုလ်မှူးကြီးရဲ့၊ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့တော့ဗျာ'' ဟု ဆိုလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်မှူးကြီးက သတင်းစာတွေ ပြန်ပေးတော့ ဆရာဝန်က ခေါင်းခါရင်း-

"အိမ်ယူသွားပြီး ညကျရင် အေးအေးဆေးဆေး ဖတ်ပါဗျာ၊ မနက်ကျမှ ပြန်ပေးပေါ့" တဲ့။

ညခုနစ်နာရီ ထိုးပြီးချိန်မှာတော့ မျှော်စင်မှ ခေါင်းလောင်းထိုးသံ ကြားကြရသည်။ ထိုခေါင်းလောင်းထိုးသံမှာ ဆင်ဆာအဖွဲ့မှ ကြည့်ခွင့်ပြုထားသော ရုပ်ရှင်ကားများအတွက် ခရစ်ယာန် သူတော်ကောင်းတို့ ကြည့်သင့်၊ မကြည့်သင့် သတ်မှတ်ချက် ခေါင်းလောင်းသံ ဖြစ်၏။

ဆရာတော် အိန်ဂျယ်သည် စာတိုက်မှ သူ့ထံ လစဉ် ရောက်လာတတ်သည့် ရုပ်ရှင်ကား အကဲဖြတ်ချက်စံနှုန်းများနှင့် ကိုက်၊ မကိုက် အနုလုံ ပဋိလုံ သုံးသပ်ဆင်ခြင်တော်မူကာ ပုထုဇဉ် အမိုက်အမဲများအတွက် အကုသိုလ်တရားတွေ မပွားစေဖို့ သတိပေး ခေါင်းလောင်းသံကို ပြုစေတော်မူခဲ့သည်။

ဗိုလ်မှူးကြီးကတော်က ခေါင်းလောင်းသံကို နားစွင့်ရင်း ရေတွက်ကြည့်နေသည်။ စုစုပေါင်း ဆယ့်နှစ်ချက်။

"ဆယ့်နှစ်ချက် ဆိုတော့ ဒီရုပ်ရှင်ဟာ ဘယ်သူမှ ကြည့်ဖို့ မသင့်ဘူး ဆိုတဲ့ သဘောပေါ့နော်။ ဘာရုပ်ရှင် ရုံတင်တင် ခေါင်းလောင်းသံ ဆယ့်နှစ်ချက်ချည်း အမြဲ ထိုးနေတာ ဘာလိုလိုနဲ့ တစ်နှစ်နီးပါး ရှိပါပကော"

ထို့နောက် သူသည် ခြင်ထောင်ကို ချလိုက်ပြီး အသံတိုးတိုးဖြင့်-

"ကမ္ဘာကြီးလည်း ပျက်စီးခြင်းငါးပါး ဆိုက်နေပါပေါ့လား"

ဟု ညည်းတွားရေရွတ်ရင်း အိပ်ရာဝင်သွားခဲ့သည်။

ဗိုလ်မှူးကြီးကတော့ သူ့မိန်းမ၏ စကားအတွက် ဘာမှတ်ချက်မှ မပေးခဲ့ပါ။ သူသည် တိုက်ကြက်ကို ခုတင်တိုင်မှာ ကြိုးဖြင့်ချည်၏။ အိမ်တံခါးများကို လုံခြုံစွာ ပိတ်၏။ အိပ်ခန်းတွင်းမှာ ခြင်ဆေးဖျန်း၏။ မီးအိမ်ကို ကြမ်းပြင်တွင် ချ၏။ ကြိုးခုတင်ကို ဆင်၏။

ထို့နောက် ကြိုးခုတင်ပေါ် တက်လှဲရင်း သတင်းစာထပ်ကို ကိုင်၏။

ဗိုလ်မှူးကြီးသည် သတင်းစာတိုင်းကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသကဲ့သို့ ခြေဆုံး ခေါင်းဆုံး ကြော်ငြာများပါမကျန် စေ့စေ့စပ်စပ် ဖတ်၏။ ညဆယ့်တစ်နာရီမှာတော့ ညမထွက်ရ အမိန့်ကို သတိပေးသည့် ထရမ်းပက်မှုတ်သံကို ကြားလိုက်ရသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဗိုလ်မှူးကြီးသည် နောက်နာရီဝက်ခန့် အကြာတွင် သတင်းစာ ဖတ်ပြီးသွားခဲ့သည်။ ဝရန်တာသို့ ထွက်သည့် အိမ်တံခါးကို သူ ဖွင့်လိုက်သည်။

ပိန်းပိတ်အောင်မှောင်သည့် ည။

သူ့နားမှာ ခြင်တွေ အုံခဲနေသည့်ကြားမှပင် အိမ်နံရံကို သူ ရှုးရှုးပန်း လိုက်၏။ သူ အိပ်ခန်းထဲ ပြန်ဝင်လာတော့ သူ့မိန်းမက တစ်ရေးနိုးနေသည်။

မိန်းမက သူ့ကို မေး၏။

''ဒီနေ့ ဘာမှ မထူးဘူးလား''

''မထူးဘူး''

ဗိုလ်မှူးကြီးက တိုတိုတုတ်တုတ် ဖြေလိုက်ပြီး မီးအိမ်ကို ငြိမ်း၍ ကြိုးခုတင်ပေါ် တက်လိုက်သည်။ သူက အမှောင်ထဲမှာ ဆက်ပြောနေ၏။

''အစကတော့ အနည်းဆုံး ပင်စင်ရတဲ့ လူစာရင်းလောက်ကို ထုတ်ပြန် ကြေညာကြသေးတယ်။ ခုတော့ ဘာသတင်းမှကို မကြားတော့တာ ငါးနှစ်တောင် ကျော်ခဲ့ပြီ''

❑

ထိုညက သန်းခေါင်ကျော်သောအခါ မိုးထရွာ၏။ ဗိုလ်မှူးကြီးသည် ဆက်အိပ်ရန် ကြိုးစားသော်လည်း တစ်စုံတစ်ရာက သူ့ကို အနှောင့်အယှက် ပေးနေသလို ခံစားရသဖြင့် အိပ်ရာမှ ထလိုက်သည်။ မကြာပါ။ အိမ်ခေါင်မိုး တစ်နေရာမှ မိုးယိုနေကြောင်းကို သူ ရှာဖွေတွေ့ရှိသွားခဲ့သည်။ ဗိုလ်မှူးကြီး သည် သိုးမွေးစောင်ကြီး ခေါင်းမြီးခြုံရင်း မိုးယိုသည့် အပေါက်ကို ဖာထေးရန် ကြိုးစား၏။ ရေခဲတမျှ အေးစက်နေသည့် ချွေးစီးကြောင်းတစ်ခုက သူ၏ ကျောရိုးတစ်လျှောက် စီးဆင်းသွားခဲ့သည်။ ရုတ်တရက် ချက်ချင်း အဖျားတက် လာသလို သူ ခံစားနေခဲ့ရသည်။ ဂျယ်လီတွေ ထည့်ထားသော ရောမ ကန်ကြီး တစ်ခုထဲမှာ ချာချာလည်နေသလို ဖြစ်နေခဲ့သည်။ တစ်စုံတစ်ယောက်က သူ့ကို စကားလှမ်းပြောသဖြင့် ဗိုလ်မှူးကြီးက ပြန်ဖြေလိုက်မိသည်။

''ရှင် ဘယ်သူနဲ့ စကားပြောနေတာလဲ''

သူ့ဇနီး၏ အမေးကို အဖျားတက်ပြီး ကြိုးခုတင်ပေါ်တွင် လူးလိမ့်နေ သော ဗိုလ်မှူးကြီးက–

mgyoe.com

mgyoe.com SAMPLE BOOK

"ဗိုလ်မှူးကြီး အော်ရဲလီယာနိုဘူဝမ်းဒီးယားရဲ့ တော်လှန်ရေးဌာနချုပ်ကို ကျားယောင်ဆောင်ပြီး ဝင်လာတဲ့ အင်္ဂလိပ်ကြီးလေ၊ တကယ်တော့ သူက စစ်နတ်ဘုရား မာလ်ဘိုရို မြို့စားမင်းကွ" ဟု ပြန်ဖြေလိုက်သည်။

❑

အရဏ်တက်ချိန်ဝယ် ရာသီဥတုသည် ပြန်လည် ကြည်လင်သာယာလာခဲ့သည်။ ဘုရားဝတ်တက်ဖို့ ဒုတိယအကြိမ် နှိုးဆော်သံ အပြီးဝယ် ဗိုလ်မှူးကြီးသည် ကြိုးခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ တိုက်ကြက်တွန်သံကြောင့် ဒေါသလည်း ထွက်၊ စိတ်လည်းရှုပ်နေသည့် ဗိုလ်မှူးကြီးသည် ခေါင်းထဲမှာ ချာချာလည်နေပြီး ပျို့ချင် အန်ချင်စိတ်တွေ ဖြစ်နေ၏။

ဗိုလ်မှူးကြီးသည် အိမ်တံခါးကို ဖွင့်လိုက်ပြီး အိမ်သာသို့ ဦးတည်သွား၏။ အနီ အိမ်သာဟု အမည်တပ်ထားသည့် သွပ်မိုး သစ်သားအဆောက်အအုံလေးအတွင်းမှာတော့ အိမ်သာ ပီသစွာပင် အညစ်အကြေးများမှ ထွက်သည့် အမိုးနီးယားနံ့ စူးစူးရှရှက မွန်ထူနေခဲ့သည်။ အိမ်သာတွင်းဖုံးကို ဆွဲဖွင့်လိုက်သောအခါ အတွင်းမှ ယင်ကောင်တစ်အုပ်က ဝေါခနဲ ပျံထွက်သွားခဲ့သည်။ ဗိုလ်မှူးကြီးသည် အိမ်သာပေါက်ဝယ် ဆောင့်ကြောင့်ထိုင်ရင်း ဝမ်းဗိုက်ထဲမှ ရစ်ရစ်ပြီး နာလာမှုကြောင့် မသက်မသာဖြစ်၍ လာသည်။

"အောက်တိုဘာလ ဆိုရင် အမြဲတမ်း ဒီအတိုင်းပဲ"

သူက ခပ်တိုးတိုး ရေရွတ်လိုက်ရင်း ဗိုက်ထဲမှ မှိုတွေနှင့် ဘာမှန်းမသိသည့် သတ္တဝါတွေ ငြိမ်သက် တိတ်ဆိတ်သွားချိန်အထိ အိမ်သာထိုင်နေလိုက်သည်။ ကိစ္စပြီးသောအခါ သူ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ညတုန်းက ရှင် ဖျားလိုက်တာ အကြီးအကျယ်ပဲ"

ဗိုလ်မှူးကြီးကတော်က ဗိုလ်မှူးကြီးကို ကြည့်ပြီး ပြောလိုက်သည်။ ခုတော့လည်း တစ်ပတ်လုံးလုံး နှိပ်စက်ခဲ့သည့် ပန်းနာရင်ကျပ်သည် သူ့ထံမှ ဖယ်ခွာသွားခဲ့လေပြီ။ သူ့ကြည့်ရတာ လူကောင်းပကတိအတိုင်း တက်ကြွရွှင်လန်းလျက် ရှိသည်။ ဗိုလ်မှူးကြီးက ညတုန်းက ကိစ္စကို ပြန်စဉ်းစား၏။ သို့သော် သူ သေချာ မမှတ်မိ။

mgyoe.com

mgyoe.com


''ငါ အဖျားတက်တာ မဟုတ်ပါဘူးကွာ၊ ထုံးစံအတိုင်း ပင့်ကူအိမ်တွေအကြောင်း အိပ်မက်မက်တာ နေမှာပါ''

ပန်းနာရင်ကျပ်၏ နှိပ်စက်ကလူပြုမှု ကင်းဝေးသွားသောအခါ ခါတိုင်းလိုပင် ဗိုလ်မှူးကြီးကတော်သည် အားပြည့်အင်ပြည့် ဖြစ်လာခဲ့သည်။ ထိုအခါ ထုံးစံအတိုင်း တစ်အိမ်လုံးကို ရှင်းလင်းခြင်း အမှုကို သူ ပြု၏။ ဇာစ်ကိုယ်လုံးအရိုးနှင့်အရေသာ ရှိသည့် ဗိုလ်မှူးကြီးကတော်သည် ဝတ်ရုံနက်ကြီးကို ဝတ်၍ အိမ်ရှင်းနေပုံကို ကြည့်ရသည်မှာ နံရံပေါ်မှာ လမ်းလျှောက်နေသော စုန်းမကြီး တစ်ကောင်ကို တွေ့နေရသလို စိတ်ဆင်းရဲဖွယ် ကောင်းလှသည်။ သို့သော်လည်း နေ့လယ် ဆယ့်နှစ်နာရီ မထိုးမီမှာပင် ဗိုလ်မှူးကြီးကတော်သည် အသွေးအသားတို့ ပြန်လည်ပြည့်တင်းလာခဲ့ပြီး ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။ သူက တစ်အိမ်လုံး လှည့်ပတ်ရှင်းလင်းရင်း-

''အဂုစတင်အတွက် ပူဆွေးနေရချိန်မို့လို့ပေါ့၊ နို့မို့ရင် ကျွန်မ သီချင်းတောင် ဆိုချင်လာပြီ'' ဟု ပြောလိုက်သည်။

ဗိုလ်မှူးကြီးက ခေါင်းညိတ်ရင်း-

''မင်း သီချင်းဆိုချင်ရင်လည်း ဆိုပေါ့ကွာ၊ သီချင်းဆိုတာဟာ မင်းရဲ့ ကျန်းမာရေးအတွက် ကောင်းလိမ့်မယ် ထင်တယ်''

ဟု ပြန်ပြောလိုက်၏။

❑

နေ့လယ်စာ စားပြီးချိန်မှာတော့ မီးဖိုချောင်ထဲမှာ ဗိုလ်မှူးကြီးတို့ ဇနီးမောင်နှံ ကော်ဖီသောက်နေတုန်း ဆရာဝန် ကြွရောက်လာခဲ့သည်။ သူက အိမ်ရှေ့တံခါးဝမှ အသံပြုကြီးဖြင့် အော်နေ၏။

''ဘယ်သူမှ မရှိကြဘူးလား ဟ၊ တစ်အိမ်လုံး သေကုန်ကြပြီလား ဟေ့''

ဗိုလ်မှူးကြီးက အိမ်ရှေ့သို့ ထွက်လာရင်း-

''ခင်ဗျား နာရီက ငထုံ ငထိုင်းတွေအတွက် အချိန်ကိုက်ထားသလားအောက်မေ့ရတယ်၊ လာ အိမ်ထဲကြွ''

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဆရာဝန်ကို အဘိယာစကစကား ဆိုလိုက်၏။

ဆရာဝန် လာပြီဖြစ်သောကြောင့် ဗိုလ်မှူးကြီး ကတော်က အိပ်ခန်းထဲ ဝင်ပြီး အစမ်းသပ်ခံဖို့ ပြင်ဆင်နေသည်။ ထိုအချိန်မှာ ဆရာဝန်က ဧည့်ခန်းထဲတွင် ထိုင်ရင်း ဗိုလ်မှူးကြီးနှင့် ရောက်တတ်ရာရာ ပြောနေခဲ့ကြသည်။ ဆရာဝန် ဝတ်ထားသည့် ဝတ်စုံက မီးပူကျ၊ အနံ့သင်းသင်းကလေးတောင် ရနေသေးသည်။ လူနာက အဆင်သင့်ဖြစ်ပြီဟု ကြေညာသောအခါ ဆရာဝန်သည် စာရွက် သုံးရွက် ထည့်ထားသည့် စာအိတ်တစ်လုံးကို ဗိုလ်မှူးကြီးကို ပေးရင်း အိပ်ခန်းထဲ ဝင်သွားခဲ့သည်။

"ဒါက သတင်းစာတွေထဲမှာ မပါတဲ့ အကြောင်းတွေပဲ"

ဟု သူက ပြောသွားသေးသည်။

ဗိုလ်မှူးကြီးကလည်း စာအိတ်ကို မြင်ကတည်းက ထိုစာရွက်များကား တော်လှန်ရေးသမားတို့၏ လျှို့ဝှက် လက်ကမ်းစာစောင်များ ဖြစ်ကြောင်း သဘောပေါက်ပါသည်။ ဆယ်နှစ်တိုင်တိုင် ဖတ်ရှုလာခဲ့ရသော ထိုတော်လှန်ရေး စာစဉ်များက နောက်လတွင် ထွက်ပေါ်လာမည့် တော်လှန်ရေး အောင်ပွဲသတင်းထက် အံ့သြစရာကောင်းသည့်သတင်း မရှိတော့ပြီ ဖြစ်ကြောင်း သူ့ကို သင်ကြားပေးခြင်းငှာ မစွမ်းသာခဲ့။ ဧည့်ခန်းထဲသို့ ဆရာဝန် ပြန်ရောက်လာသောအခါ ဗိုလ်မှူးကြီးသည် စာစဉ်ကို ဖတ်ပြီးခဲ့ပြီ။ ဆရာဝန်က ပြုံးရင်း-

"လူနာက ကျုပ်ထက်တောင် ကျန်းမာသေးသဗျ၊ ပန်းနာရင်ကျပ်ဆိုတာ ဒီလို ဝေဒနာမျိုးဆိုရင် ကျုပ်လည်း ပန်းနာရင်ကျပ်နဲ့ အသက်တစ်ရာ လောက်အထိ နေသွားချင်သေးပဗျာ"

ဟု ဆိုလိုက်သည်။

ဗိုလ်မှူးကြီးက ဆရာဝန်ကို ခပ်ချဉ်ချဉ် ကြည့်လိုက်ပြီး စကားတစ်ခွန်းမှ မဆိုဘဲ စာအိတ်ကို ပြန်ပေးလိုက်သည်။

ဆရာဝန်က ခေါင်းယမ်းရင်း-

"လက်ဆင့်ကမ်းလိုက်ပါဗျာ"

ဟု လေသံကလေးဖြင့် ပြောသွားခဲ့သည်။

ဗိုလ်မှူးကြီးသည် စာအိတ်ကို သူ့ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။ ဗိုလ်မှူးကြီးကတော်က အိပ်ခန်းထဲမှ ထွက်လာရင်း-

mgyoe.com

mgyoe.com SAMPLE BOOK

"ပန်းနှာထနေတုန်းက ကျွန်မသာ သေသွားခဲ့ရင် လူမမာကို ပစ်ထားတဲ့ ဆရာဝန်ဆိုတဲ့ လူကိုပါ တစ်ပါတည်း ငရဲကို ခေါ်သွားမယ်လို့ ကျွန်မက စဉ်းစားနေတာ" ဟု ပြောလိုက်သည်။

ဆရာဝန်က ဘာမှ ပြန်မပြောဘဲ မချိသွားဖြဲပြလိုက်သည်။ သူ၏ ဖြူဝင်းသော သွားများက ဖွေးခနဲ ပေါ်လာခဲ့သည်။ ထို့နောက်မှာတော့ ဆရာဝန်သည် ဆေးအိတ်ထဲမှ ဆေးများကို ထုတ်ယူနေ၏။

ဗိုလ်မှူးကြီးကတော်က မီးဖိုထဲ ဝင်သွားပြီး-

"ခဏလေး၊ ကျွန်မ ကော်ဖီအိုး နွေးလိုက်ဦးမယ်" ဟု ပြော၏။

"နေပါစေတော့၊ ကျုပ် မသောက်တော့ဘူး"

ဆရာဝန်သည် သောက်ဖို့ ဆေးညွှန်းရေးနေရင်းက ဗိုလ်မှူးကြီးကတော်ကို ပြန်ပြောလိုက်သည်။

"ခင်ဗျား ကော်ဖီ သောက်မိရင် ခင်ဗျားက ကျုပ်ကို အဆိပ်ခတ်ချင်ခတ်နေမှာ၊ ဆိုတော့ ကျုပ် ခင်ဗျားကို အဆိပ်ခတ်ဖို့ အခွင့်အရေး မပေးတဲ့အနေနဲ့ ကော်ဖီကို မသောက်ဘူးဗျာ" တဲ့။

ဗိုလ်မှူးကြီးကတော်က ရွှင်မြူးစွာဖြင့် တသိမ့်သိမ့် ရယ်နေ၏။ ဆရာဝန်သည် ဆေးညွှန်းရေးပြီးသောအခါ သူ့လက်ရေးကို မည်သူမှ မဖတ်နိုင်ကြောင်း အပ်ချမပ်ချ သိနေသည့်အလား ဆေးညွှန်းစာရွက်ကို ကျယ်လောင်စွာ အော်ဖတ်ပြနေပြန်သည်။ ဗိုလ်မှူးကြီးက အာရုံစိုက်၍ နားထောင်နေလိုက်သည်။ ထိုအချိန်မှာ ဗိုလ်မှူးကြီးကတော်က ညက ဖြစ်ရပ်ကို သတိရသွားခဲ့သည်။

သူက သူ့ယောက်ျားကို လက်ညှိုးထိုးရင်း-

"ညက သူ အကြီးအကျယ် ဖျားသေးတယ်၊ နှစ်နာရီလောက် ကယောင်ကတမ်းနဲ့ တစ်ယောက်တည်း စကားပြောနေတယ်၊ ပြည်တွင်းစစ်အကြောင်းတွေလေ" ဟု အစဖော်လိုက်သည်။

ဗိုလ်မှူးကြီးက ရှုံ့မဲ့ရင်း-

"အဲဒါ ဖျားတာမဟုတ်ပါဘူး ဆိုနေကွာ၊ ငါ တကယ် နေမကောင်းဖြစ်တဲ့နေ့ကျရင် ဆေးတော့ ကုမနေဘူးဟေ့၊ ကိုယ့်ကိုယ်ကိုယ် အမှိုက်ပုံထဲ ပစ်ထည့်လိုက်မယ်"

ဟု ပြောလိုက်ကာ အိပ်ခန်းထဲမှ သတင်းစာများကို ယူရန် ထသွားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဝန်က ရယ်လိုက်ရင်း–

''ခင်ဗျား အဲဒီလောက် ကျူပ်အပေါ် အယုံအကြည်ရှိတယ်လို့ ကြားရတာ ကျေးဇူးတင်သဗျာ''

ဟု တုံ့ပြန်လိုက်သည်။

ဗိုလ်မှူးကြီးနှင့် ဆရာဝန်တို့သည် မြို့ထဲသို့ အတူတကွ ထွက်လာခဲ့ကြသည်။ အပူရှိန် အတော်တက်နေပေပြီ။ လေက ခြောက်သွေ့ပြီး မြို့တွင်း ကတ္တရာလမ်းတို့ပင် အပူရှိန်ကြောင့် အရည်ပျော်နေခဲ့ပြီ။ ဗိုလ်မှူးကြီးက ဆရာဝန့် နားနားသို့ကပ်၍ လေသံကလေးဖြင့်–

''ခြေကြွခ ဘယ်လောက် ပူဇော်ရမလဲ ဆရာဝန်''

ဟု မေးလိုက်သည်။

ဆရာဝန်က ဗိုလ်မှူးကြီး၏ လည်ပင်းကို ဖက်လိုက်ပြီး–

''ခုလောလောဆယ်တော့ နတ္ထိ၊ အလကား၊ တစ်ပြားမှ မပူဇော်လေနဲ့ဗျို့၊ ခင်ဗျား ကြက်နိုင်တဲ့အခါကျရင်တော့ မျက်ဖြူလန်ပြီး အမြှုပ်တစီစီ ထွက်သွားအောင် ငွေစာရင်း အရှည်ကြီးတစ်စောင် ပို့လိုက်မယ်''

ဟု ပြန်ပြောလိုက်သည်။

ထို့နောက်တွင်တော့ ဗိုလ်မှူးကြီးသည် တော်လှန်ရေး လက်ကမ်းစာစဉ်ကို ဖြန့်ဝေရန် အလို့ငှာ အဂူစတင်၏ ရောင်းရင်းများရှိရာ စက်ချုပ်ဆိုင်သို့ ဦးတည်လျှောက်လှမ်းသွားခဲ့သည်။ သူ၏ ရဲဘော်ရဲဘက်များ သေသူသေ၊ ပြည်နှင်ဒဏ်ခံသူခံရ ဖြစ်ခဲ့ကြပြီး ယခုကဲ့သို့ သောကြာနေ့တိုင်း စာမျှော်သည့် အလုပ်မှလွဲ၍ အခြား ဘာမှ လုပ်စရာမရှိသည့် ပစ္စက္ခ အခိုက်အတန့်ဝယ် သူ၏ တစ်ခုတည်းသော ခိုလှုံရာနေရာသည် အဆိုပါ စက်ချုပ်ဆိုင်သာ ဖြစ်တော့သည်။

ဗိုလ်မှူးကြီးကတော်အဖို့မှာတော့ နေ့လယ်ခင်း အပူချိန် ပြင်းလာလေလေ အားသစ်အင်သစ်တွေ တိုးလာသလို ခံစားလာရလေ ဖြစ်၏။

သို့ကလိုကြောင့်လည်း သူသည် ဝရန်တာတွင် ထိုင်ရင်း ရှိသမျှ အဝတ်အထည် အစုတ်အပြဲမှန်သမျှကို ပြင်ဆင်ဖာထေးခြင်းအမှုကို ပြုတော့သည်။ သူသည် ထိုအလုပ်ကို နေစောင်းချိန်အထိ အားတက်သရော အပြင်းအထန် လုပ်လေရာ နောက်ဆုံး ဗိုလ်မှူးကြီး အိမ်ပြန်လာချိန်ထိ မပြီးတတ်သေး။

အိမ်ထဲ ဝင်လာသည့် ဗိုလ်မှူးကြီးကို မော့ကြည့်ရင်း–

mgyoe.com

mgyoe.com

"အမယ်လေး၊ ဇက်ကြောတွေ တက်လိုက်တာ"

ဟု ညည်းတွားတော့သည်။ ဗိုလ်မှူးကြီးသည် ရောင်စုံ အဝတ်စများ တစ်ကိုယ်လုံး ဖုံးမတတ် ဖြစ်နေသည့် သူ့မဟေသီကို ကြည့်ရင်း-

"အင်း- မင်းကတော့ အမြဲတမ်း ဒီအတိုင်းပါပဲ၊ အလုပ်မရှိ အလုပ်ရှာ" ဟု ဆိုလိုက်သည်။

"ကျုပ် အလုပ်မရှိ အလုပ်ရှာလုပ်နေလို့ပဲ တော် အဝတ်အစား ဝတ်နေရတာ မဟုတ်လား"

ဟု ဗိုလ်မှူးကြီးကတော်က ပြန်ပက်လိုက်သည်။ ထို့နောက် သူ ရောင်စုံ အဝတ်စများဖြင့် ဖန်တီး စပ်ဟပ် ချုပ်လုပ်ထားသည့် သုံးရောင်ခြယ် ရှပ်အင်္ကျီကို ပြလိုက်ပြီး-

"ဒီမှာလေ၊ ကာနီဗယ်ပွဲတော်ကျရင် တော် ဝတ်ဖို့ အင်္ကျီ"

ဟု ပြောလိုက်သည်။

ထိုအချိန်မှာပင် ညနေ ခြောက်နာရီ ခေါင်းလောင်းသံကြောင့် သူ့စကားစ ပြတ်သွားခဲ့သည်။ ဗိုလ်မှူးကြီးကတော်က-

"မေတ္တာတော်အနန္တဖြင့် ပြည့်စုံတော်မူသော အပျိုစင် မာရီမယ်တော် အရှင်"

ဟု ရေရွတ်ရင်း ဘုရားရှိခိုး ဝတ်ပြုဆုတောင်းဖို့အတွက် အိပ်ခန်းထဲ ဝင်သွားခဲ့သည်။ ဗိုလ်မှူးကြီးကတော့ ညနေ ကျောင်းဆင်းချိန်မှာ တိုက်ကြက်ကို ကြည့်ဖို့ သူတို့အိမ် ရောက်လာခဲ့သည့် ကလေးတစ်သိုက်နှင့် စကားလက်ဆုံ ကျနေခဲ့သည်။ ထိုအချိန်မှာပင် မနက်ဖြန်အတွက် ပြောင်းဖူးဆန် မရှိတော့ကြောင်း သူ သတိရမိသည်။ ထို့ကြောင့် ဗိုလ်မှူးကြီးသည် အိပ်ခန်းထဲသို့ ဝင်သွားပြီး သူ့မိန်းမထံမှ ပိုက်ဆံတောင်း၏။

"ကျုပ်တော့ လက်ကျန်ငွေ ပြားငါးဆယ်လားပဲ ကျန်တော့တယ် မှတ်တာပဲ"

ဗိုလ်မှူးကြီးကတော်သည် ငွေများကို လက်ကိုင်ပဝါ တစ်ထည်ဖြင့် ထုပ်ကာ ဖျာအောက်မှာ သိမ်းဆည်းထားလေ့ရှိသည်။ အဂ္ဂုစတင် ဆုံးပြီးကတည်းက ကိုးလလုံးလုံး ဗိုလ်မှူးကြီးတို့လင်မယားသည် လက်ကျန်ငွေထုပ်ကလေးထဲမှ ငွေအသပြာများကို တစ်ပြားကို နှစ်ပြားမှတ်၍ ခွာမတတ် ခြိုးခြံချွေတာစွာ သုံးစွဲနေခဲ့ရသည်။ ခုတော့ ငွေထုပ်ကလေးထဲတွင် ပြားနှစ်ဆယ်စေ့ နှစ်စေ့နှင့် ဆယ်ပြားစေ့ တစ်စေ့သာ ကျန်တော့၏။

mgyoe.com

m g y ... MPLE BOOK

"ပြောင်းဆန် တစ်ပေါင် ဝယ်လေ၊ ပိုတဲ့ငွေနဲ့ မနက်ဖြန်အတွက် ကော်ဖီမှုန့်နဲ့ ချိစ် လေးအောင်စလောက် ဝယ်ခဲ့လေ"

ဗိုလ်မှူးကြီးက သူ့မိန်းမကို စွေကြည့်ရင်း-

"အိမ်တံခါးဝမှာ အလှချိတ်ဖို့ ရွှေနဲ့ လုပ်ထားတဲ့ ဆင်ရုပ်လေးတစ်ရုပ်ပါ ဝယ်ခဲ့မယ်လေကွာ" ဟု ရွဲ့လိုက်သည်။

"ပြောင်းဆန် တစ်ပေါင် ဝယ်တာနဲ့တင် လေးဆယ့်နှစ်ပြား ကျမှာကွ"

ဟု သူက တစ်ဆက်တည်း ပြောလိုက်၏။ ထို့နောက်တွင်တော့ သူတို့လင်မယားနှစ်ယောက်လုံး အတွေးကိုယ်စီဖြင့် ခေတ္တ တိတ်ဆိတ်သွားခဲ့ကြသည်။ ဗိုလ်မှူးကြီးကတော်က ပထမတော့-

"ကြက်က တိရစ္ဆာန်ပဲ၊ သူ စောင့်နိုင်မှာပါ"

ဟု ပြောမိလိုက်သေးသည်။ သို့သော်လည်း လက်ထဲမှာ ပြားငါးဆယ်ကို ဆုပ်ကိုင်၍ ဒူးပေါ် လက်တင်ပြီး ငိုင်ငိုင်ကြီး ထိုင်နေသည့် သူ့ယောက်ျား၏ အမူအရာကို တွေ့လိုက်ရသဖြင့် သူ စကားမဆက်ဖြစ်တော့။

ဗိုလ်မှူးကြီးက သက်ပြင်းချရင်း-

"ငါ့သဘောတစ်ခုတည်းသာ ဆိုရင် ဒီကြက်ကို ဒီညနေစာ စွပ်ပြုတ် လုပ်စားပစ်လိုက်ချင်တယ်၊ ပီဆိုငါးဆယ်တန် ညစာကြောင့် အစာမကြေ ရင်ပြည့်ရင်ကယ် ဖြစ်မယ်ဆိုရင် သိပ်အရသာရှိမှာပဲ"

ဟု ပြောရင်း လည်ပင်းပေါ် လာနားသည့် ခြင်တစ်ကောင်ကို ပိတ်ရိုက်ပစ်လိုက်သည်။

"ဒါပေမဲ့ ဒီကြက်ထဲမှာ ကောင်လေးတွေရဲ့ ရှိစုမဲ့စု ငွေတွေ အကုန် ဝင်နေတာ မင်းလည်း သိသားပဲကွာ"

ဟု ဆွေးဆွေးမြည့်မြည့် ပြောလိုက်သည်။ ဗိုလ်မှူးကြီးကတော်သည် အချိန်အတော်ကြာသည်အထိ စကားမပြောနိုင်ဘဲ အကြာကြီး ငိုင်လျက်ရှိ၏။ နောက်ဆုံးတော့ သူသည် ဗိုလ်မှူးကြီးကို စိုက်ကြည့်ရင်း-

"ပြောင်းဆန်သာ ဝယ်ခဲ့ပါတော့ရှင်၊ ကျွန်မတို့ ရှေ့ဆက် ဘယ်လို နေထိုင်ရှင်သန်ရမလဲ ဆိုတာကတော့ ဘုရားကိုယ်တော်မြတ်ကြီး အလိုကျပေါ့" ဟု ဆိုလိုက်တော့သည်။

□

mgyoe.com

''အံ့သြကုန်နိုင်ဖွယ် တန်ခိုးပြာဋိဟာ အစွမ်းပါပဲကွာ''

ဗိုလ်မှူးကြီးသည် တစ်ပတ်လုံးလုံး ထမင်းစားပွဲ ထိုင်တိုင်း ထိုစကား တစ်ခွန်းကို ထပ်ကာတလဲလဲ ရေရွတ်နေခဲ့သည်။

သူ အံ့သြမည်ဆိုလည်း အံ့သြထိုက်သည်။ ဗိုလ်မှူးကြီးကတော်သည် သူ၏ အချုပ်အလုပ် စွမ်းရည်ဖြင့် ငွေတစ်ပြားမှ မရှိသည့် အိမ်၏ စီးပွားရေး အခြေအနေကို ကျားကန်ပေးကာ ငတ်မသေအောင် ဖန်ဆင်းပြနိုင်ခဲ့သည် မဟုတ်လား။

အောက်တိုဘာသည် အချိန်တန်တော့လည်း ကုန်ဆုံးသွားခဲ့သည်။ စွတ်စိုထိုင်းမှိုင်းခြင်း၏ နေရာတွင် အိပ်စက်နေဖို့သာ ကောင်းသည့် ပူလောင် အိုက်စပ်ခြင်းက အစားထိုး ဝင်ရောက်လာခဲ့သည်။

ဗိုလ်မှူးကြီးကတော်သည် သူ၏ ရှုပ်ထွေး ရှည်လျားသည့် ဆံပင်ကို သန့်စင်ရှင်းလင်းဖို့ ကျဲကျဲတောက်ပူသည့် နေ့လယ်ခင်း သုံးခုခန့် အချိန်ယူ လိုက်ရသည်။ ဗိုလ်မှူးကြီးက 'ဓမ္မတေးတွေ ကျူးရင့်နေကြပဟေ့' ဟု ပြောခဲ့ သည့် တစ်နေ့လယ်မှာ ဗိုလ်မှူးကြီးကတော်သည် သူ၏ ဆံခွေစုကြီးကို အသွားတွေ ကျိုးနေသည့် ဘီးစုတ်တစ်လက်ဖြင့် စတင်ဖြေချခဲ့သည်။ ဒုတိယ နေ့လယ်ခင်းမှာတော့ သူသည် စက္ကူဖြူတစ်ရွက်ကို ပေါင်ပေါ်တင်ရင်း ပန်းနာ ထစဉ်က သူ့ခေါင်းမှ ဆံနွယ်တွေကြားမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်း ခဲ့ကြသည့် သန်းများကို ဘီးစိပ်တိုက်ချသည်။

တတိယ နေ့လယ်ခင်းမှာတော့ သူ့ဆံပင်ကို လာဗင်ဒါနံ့ သင်းနေသည့် ရေဖြင့် ခေါင်းလျှော်ရင်း ဖားလျားချလျက် အခြောက်ခံတော့သည်။

ထိုအချိန် ထိုကာလများတွင် ဗိုလ်မှူးကြီးသည် ညစဉ် ညတိုင်း ကြိုးခုတင်ပေါ်တွင် တလူးလူး တလိမ့်လိမ့်ဖြင့် အိပ်မပျော်နိုင်ဘဲ တိုက်ကြက် အတွက် သောကများနေခဲ့သည်။ ဗုဒ္ဓဟူးနေ့မှာ သူတို့ ရောက်လာကြပြီး တိုက်ကြက်ကြီးကို စစ်ဆေးကာ ကျန်းမာပကတိ ချမ်းသာအတိ ရှိကြောင်း တွေ့ရမှသာ သူ ဟင်းချနိုင်တော့သည်။ ထိုဗုဒ္ဓဟူးနေ့က အဂုစတင်၏ အပေါင်း အသင်းများသည် တိုက်လတ္တံ့သောပွဲတွင် နိုင်လတ္တံ့သော သူတို့ ကြက်အကြောင်း ကို အားပါးတရ ပြောသွားကြသဖြင့် ဗိုလ်မှူးကြီးလည်း စိတ်ချမ်းသာလျက် ရှိသည်။ ထိုနေ့က သူ့မိန်းမက သူ့ကို စိတ်လိုလက်ရ ဆံပင်ညှပ်ပေးခဲ့၏။ ဗိုလ်မှူးကြီးက ဆံပင်ညှပ်ပြီးခါစ သူ့ခေါင်းကို ကိုင်ကြည့်ရင်း-

m g y o e . c o m

mgyoe.com SAMPLE BOOK

''အလကားသက်သက် အနှစ်နှစ်ဆယ်လောက် အချိန်ကုန်သွားခဲ့တယ်ကွာ'' ဟု ညည်းတွားလိုက်သည်။

သူ့ယောကျ်ားစကား သွေးထွက်အောင် မှန်ကြောင်း ဗိုလ်မှူးကြီးကတော်က ကောင်းစွာ သိနေခဲ့သည်။ သူက သူ့ ယောကျ်ားကို အားပေးရင်း ယုံကြည်ချက် အပြည့်ဖြင့် ကြုံးဝါးလိုက်သည်။

''ကျွန်မသာ နေကောင်းနေလို့ကတော့ အိမ် စားဝတ်နေရေးအတွက် ပူစရာ မလိုပါဘူးရှင်''

သို့သော်လည်း သူ၏ ကြုံးဝါးမှုမှာ နာရီအနည်းငယ်သာ ခံ၏။ သူတို့အိမ်မှာ တိုင်ကပ်နာရီနှင့် ပန်းချီကားတစ်ချပ်မှလွဲ၍ ဘာဆို ဘာမှ ရောင်းချစရာ မကျန်တော့။ ကြာသပတေးနေ့ ညမှာတော့ သူတို့အိမ်မှာ မီးစာ ကုန်၍ ဆီခန်းခဲ့ချေပြီ။

သည်တစ်ခါ ဆောက်တည်ရာမရ ဖြစ်လာသူမှာ ဗိုလ်မှူးကြီးကတော် ဖြစ်၏။ ဗိုလ်မှူးကြီးက–

''ပူမနေပါနဲ့ကွာ ၊ မနက်ဖြန် သောကြာနေ့မှာ စာ ရောက်လာမှာပါ''

ဟု ပြောပြီး သူ့ဇနီးကို တစ်ဖန်ပြန် နှစ်သိမ့်ရပြန်သည်။

နောက်တစ်နေ့မှာတော့ ဗိုလ်မှူးကြီးသည် ဆရာဝန်၏ ရုံးခန်းရှေ့မှ နေ၍ သင်္ဘောဆိုက်ချိန် စာရောက်ချိန်ကို စောင့်ဆိုင်းနေသည်ကို တွေ့ကြရသည်။ ဗိုလ်မှူးကြီးသည် သင်္ဘောပေါ်မှ ချလာသည့် စာပုံးကို စိုက်ကြည့်ရင်းက–

''လေယာဉ်ပျံဆိုတာ သောက်ကျိုးနည်းအောင် မြန်ဆိုပဲဗျ၊ သူတို့အပြောအရ ဆိုရင်တော့ ခင်ဗျား ဥရောပကို ညတွင်းချင်း သွားနိုင်သတဲ့''

ဟု ဆရာဝန်ကို ပြောလိုက်သည်။

ဆရာဝန်က ရုပ်စုံမဂ္ဂဇင်းကို ဖတ်နေရင်းက–

''ဟုတ်တယ်ဗျ'' ဟု ထောက်ခံလိုက်သည်။

ဗိုလ်မှူးကြီးသည် စာပုံး လာသယ်သည့် စာတိုက်ဗိုလ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ စာတိုက်ဗိုလ်ကို သင်္ဘော မာလိန်မှူးက ချိပ်ပိတ်ထားသည့် စာအိတ်တစ်အိတ် ပေးလိုက်သည်ကို သူ တွေ့လိုက်သည်။ ထို့နောက် စာတိုက်ဗိုလ်သည် စာပုံးရှိရာသို့ လျှောက်လှမ်းသွားခဲ့သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဗိုလ်မှူးကြီးသည် စာတိုက်ဗိုလ် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေပြီးမှ-

''သို့သော်လည်း လေယာဉ်ပျံဟာ အန္တရာယ်မကင်းဘူးလေ၊ ဒီလိုပါပဲ၊ လူသားမျိုးနွယ်မှာ အတတ်ပညာ တစ်ခုခု ရှေ့တန်းရောက်လာဖို့အတွက် အမြဲတမ်း တန်ဖိုးကြီးကြီး ပေးရလေ့ ရှိစမြဲပဲ မဟုတ်လား''

ဆရာဝန်က ဗိုလ်မှူးကြီးကို မော့ကြည့်ရင်း-

''ရာသီဥတုဒဏ်ကို မခံရဘဲ အမြင့်ပေ နှစ်သောင်းကျော်က ခရီးသွားရတာ ခင်ဗျား သင်္ဘောထက် ပိုစိတ်ချရတယ်ဗျ'' ဟု ဆိုလိုက်သည်။

''အမြင့်ပေ နှစ်သောင်း၊ ဟုတ်လား''

ဗိုလ်မှူးကြီးက ရေရွတ်လိုက်သည်။ အမြင့်ပေ နှစ်သောင်းကနေ ဘယ်လို ခရီးသွားမလဲ ဆိုတာကို သူ စဉ်းစား၍ မရ။

ဆရာဝန်သည် သူတို့ ပြောဆိုနေသည့် အကြောင်းခြင်းရာအပေါ် စိတ်ဝင်စားလာဟန်ဖြင့် မဂ္ဂဇင်းကို ပိတ်လိုက်သည်။

''ဟုတ်တယ် ဗိုလ်မှူးကြီး၊ အမြင့်ပေ နှစ်သောင်းကနေ ခရီးသွားရင် လေယာဉ်နဲ့ ခရီးသွားရတာဟာ အလွန် တည်ငြိမ်ပြီး အင်မတန် အန္တရာယ်ကင်းသတဲ့ဗျ''

ဗိုလ်မှူးကြီးသည် သူ့မြင်ကွင်းထဲ ပြန်ဝင်လာသော စာတိုက်ဗိုလ်ကို မျက်ခြည်မပြတ် လိုက်ကြည့်နေပြန်၏။ စာတိုက်ဗိုလ်သည် ညာလက်ဖြင့် စာပုံးကို ကိုင်ကာ ဘယ်လက်တွင် အမြုပ်တစီစီ ထနေသည့် ပန်းရောင်ယမကာ တစ်မျိုး ထည့်ထားသည့် ဖန်ခွက်ကို ကိုင်၍ တမြုံ့မြုံ့ သောက်ရင်း လျှောက်လှမ်းလာသည်ကို သူ တွေ့နေရသည်။

ဆရာဝန်က ဆက်ပြောနေ၏။

''ညဘက် သမုဒ္ဒရာတွေပေါ်က ဖြတ်ပျံတဲ့အခါမှာလည်း အန္တရာယ်ကင်းအောင် သင်္ဘောတွေနဲ့ အမြဲတမ်း ဆက်သွယ်ထားလေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် လေကြောင်းခရီးဟာ ရေကြောင်းခရီးထက် အန္တရာယ်ကင်းတာတော့ အမှန်ပဲ''

ဗိုလ်မှူးကြီးက ဆရာဝန်ကို လှမ်းကြည့်ရင်း-

''အင်း- ကော်ဇောပျံစီးပြီး ခရီးသွားသလို နေမှာပေါ့ဗျာ''

ဟု ဆိုလိုက်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာတိုက်ဗိုလ်သည် သူတို့နှစ်ဦး ရှိရာသို့ လျှောက်လှမ်းလာလေပြီ။ ဗိုလ်မှူးကြီးသည် စိတ်လှုပ်ရှားလွန်းသဖြင့် အယောင်ယောင် အမှားမှားဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။ သူ့အမည် တပ်ထားသည့် စာတစ်စောင်ကို ထုတ်ပြီးများ သူ့ကို ကမ်းလိုက်လေမလား။ ဘုရား၊ ဘုရား။ စာတိုက်ဗိုလ်သည် စာပုံးကို ဖွင့်နေပြီ။

ဗိုလ်မှူးကြီးလည်း ရင်တွေ တဒိန်းဒိန်း ခုန်နေပြီ။

စာတိုက်ဗိုလ်သည် ဆရာဝန်အတွက် သတင်းစာတွေ ထည့်ထားသော စာအိတ်ကြီးကို လှမ်းပေးလိုက်၏။ ပြီးနောက် စာပုံးထဲမှ စာများကို တစ်စောင်ပြီး တစ်စောင် ထုတ်ယူစစ်ဆေးနေသည်ကို ဗိုလ်မှူးကြီးသည် မျက်တောင် မခတ်တမ်း စိုက်ကြည့်လျက် ရှိသည်။ ထိုအချိန်တွင် ဆရာဝန်က တော့ သတင်းစာများကို စတင် ဖတ်ရှုနေခဲ့ပြီ။

"စူးအက်တူးမြောင်းပြဿနာက မပြီးသေးဘူးဗျ"

သူက သတင်းစာခေါင်းကြီးပိုင်းကို ဖတ်ရင်းက လှမ်းပြောလိုက်သည်။ ဗိုလ်မှူးကြီးက သတင်းစာကို မကြည့်ပါ။ သူ့ဝမ်းဗိုက်ထဲမှ ဝေဒနာကို ထိန်းသိမ်းနိုင်ရန် အပြင်းအထန် ကြိုးစားနေရသည်။ သို့သော်လည်း သူက ဆရာဝန်ကို ပြန်ပြောလိုက်သည်။

"ဆင်ဆာ ဆိုတဲ့ စနစ် စကတည်းက သတင်းစာတွေဟာ ဆင်ဆာ လွတ်မယ့် ဥရောပ အကြောင်းချည်း ခွရေးကြတော့တာပဲ၊ အမှန်ကတော့ ဥရောပတိုက်သား ငနဲတွေ ဒီမှာ လာနေပြီး ကျုပ်တို့က ဥရောပ သွားနေရင် ဥရောပအကြောင်း ပိုသိလာမှာပဲ မဟုတ်လား၊ ဘာခက်တာလိုက်လို့"

ဆရာဝန်က ရယ်လိုက်သည်။

"ဥရောပသားတစ်ယောက်အဖို့ တောင်အမေရိကသား ဆိုတာ မုတ်ဆိတ် တဖွားဖွားနဲ့ ဂီတာတစ်ဖက်၊ သေနတ်တစ်ဖက် ကိုင်ထားတဲ့ လူကြမ်း လူညစ် တစ်ယောက်ပဲ၊ ကျုပ်တို့ရဲ့ တကယ့် ပြဿနာကို သူတို့ အရင် ကရော၊ အခုရော၊ နောင်ရော ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး"

စာတိုက်ဗိုလ်သည် ဝေစရာရှိသည့်စာများကို ဝေငှပြီးနောက် စာပုံးကို ပိတ်လိုက်သည်။ ဆရာဝန်သည် သူ့ထံ ရောက်လာသည့် စာနှစ်စောင်ကို ဖတ်ရန်အတွက် စာအိတ်ကို ဖောက်မည်ပြုပြီးမှ ဗိုလ်မှူးကြီးထံ အကြည့် ရောက်သွားသည်။ သူက စာတိုက်ဗိုလ်ကို ကြည့်လိုက်ပြီး-

mgyoe.com